# ငါးပါးသီလ

ကာတွန်းပဒေသာ

ကာတွန်း ဦးဖေသိန်း




ငါးပါးသီလ
ကာတွန်းမဒေဝါ
ကာတွန်း
ဦးဗေသိန်း

## နမော တဿ ဘဂဝတော အရဟတော
## သမ္မာသမ္ဗုဒ္ဓဿ



# သီလံ ယာဝဇရာ သာဓု

သီလတရားသည်
ငယ်စဉ်ကစ၍
အိုသည့်တိုင်အောင်
ကောင်းသောတရား ဖြစ်သည်။

## သီလံ ယာဝဇရာ သာဓု

ကာတွန်း ဦးဖေသိန်း၏—

ငါးပါးသီလ ကာတွန်းပြဒေသနာ စာအုပ်သည် ကလေး လူငယ်များသာမက ကြီး အသက်ဝင် ပုဂ္ဂိုလ်များလဲ သိလွယ် မှတ်လွယ် လိုက်နာလွယ်အောင် ရေးဆွဲထားသည်ဟု မှတ်ထင်မိပါသည်။

ဇာတ်, ဒီပနီကျမ်းများမှ သီလနှင့် ပတ်သက်သော ဇာတ်များကို ရွေးချယ် ဆင်ပြထားသဖြင့် အထူး ကောင်းမွန် လှသည်ဟု ယူဆမိပါကြောင်း။

ဘဒ္ဒန္တ ကုဏ္ဍလာဘ
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သံဃာ မဟာနာယက
ပဲခူး

## ငါးပါးသီလ၏ အမည်ထူးများ

၁။ လူမှန်လျှင် လိုက်နာကျင့်သုံးရမည့် ဓမ္မတာတရားဖြစ်သောကြောင့် ဓမ္မတာသီလ၊

၂။ သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ်သောကြောင့် ဂရုဓမ္မသီလ၊

၃။ စကြဝတေးမင်းတို့ ဓမ္မသတ်သဖွယ် ကျင့်သုံးသောကြောင့် စကြဝတ္တိဓမ္မသတ်၊

၄။ ကုရုတိုင်းနေ လူတို့ လိုက်နာကျင့်သုံးသော တရားဖြစ်၍ ကုရုဓမ္မသီလ၊

၅။ အရေအတွက် ငါးပါးရှိသောကြောင့် ပဉ္စသီလ၊

၆။ လူပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်တရားဖြစ်သောကြောင့် ဂဟဋ္ဌသီလ၊

၇။ လူတို့ အမြဲနိစ္စ စောင့်သုံးအပ်သောကြောင့် နိစ္စသီလ၊

၈။ မြတ်စွာဘုရားက တားမြစ်ထားသောကြောင့် ဝါရိတ္တသီလ၊

၉။ အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် အရိယကန္တသီလ၊

၁၀။ ကျင့်သုံးအပ် ကျင့်သုံးသင့် ကျင့်သုံးထိုက်သောကြောင့် သိက္ခာပဒသီလ။

ကာတွန်းဦးဖေသိန်း

# ဂုရုဓမ္မ ဟူသည်

တိကနိပါတ်ဂုရုဓမ္မဇာတ်

ဂရုဓမ္မတရားကား ငါးပါးသီလပင်ဖြစ်၏၊
အဓိပ္ပါယ်မှာ--အလေးအမြတ်ပြုပြီး
စောင့်ရှောက်ထိန်းသိမ်းထိုက်သော
တရားဖြစ်သည့်
ရှေးအခါက - ငါးပါးသီလကို
ဂရုဓမ္မ - ဟုခေါ်ဆိုလေသည်။



ရှေးအခါက-ကုရုတိုင်းပြည်ဣန္ဒပတ္တနဂိုရ်မြို့တော်တွင်
ဓနဉ္စယကောရဗျမင်းကြီးသည်ဂုရုဓမ္မတရားတော်ကို
စောင့်ရှောက်ထိန်းသိမ်းကာ-မင်းကျင့်တရားဆယ်ပါးနှင့်
အညီတိုင်းပြည်ကိုအုပ်ချုပ်တော်မူခဲ့လေသည်။


ထိုမင်းကြီးနတ်ရွာစံသော်
သားတော်ဓနဉ္စယကောရဗျ
မင်းသည်လည်းခမည်းတော်
ကဲ့သို့ပင်နန်းစံတော်မူ၏။
ဓနဉ္စယကောရဗျမင်းနည်းတူ-
မင်း၏မယ်တော်ကြီး၊
မင်း၏ မိဖုရားကြီး၊
ညီတော်အိမ်ရှေ့မင်းသား၊
ပုရောဟိတ်ပုဏ္ဏားကြီး။




မြေတိုင်းအမတ်
ရထားထိန်း
သူဌေးကြီး
ပြည်စိုး
အမတ်-
တံခါးမှူး
ပြည့်
တန်ဆာမ-
ဤဆယ်ဦးသည်လည်းကုရုဓမ္မသီလဆောက်တည်ကြ၏

ထိုကြောင့်ဣန္ဒပတ္ထကောရဗျမင်း၏နေပြည်တော်သည် မိုးလေဝသမှန်သဖြင့်သာယာဝပြောပြီးဘုရင်မင်းမြတ်၏ အမှုတော်မင်္ဂလာပွဲသဘင်များစည်ကားလှသည့်ပြင်-- အဉ္ဇနဝသဘ ဆင်ဖြူတော်ကြောင့်ဇမ္ဗူဒီပါတကျွန်းလုံး ကျော်စောနေသည်။







တချိန်တည်းမှာပင်ထီးပိုင်နန်းပိုင်နှင့်အိမ်နီးချင်း တိုင်းပြည်ဖြစ်သောကာလိင်္ဂတိုင်းတွင်ကာလိင်္ဂမင်းနန်းစံ တော်မူ၏။






ကာလိင်္ဂတိုင်းတွင်ကား-မိုးခေါင်ရေရှားပြီးစပါးမှာ ခေါင်းပါးခြင်းကြောင့်ပြည်သူအများဘေးဒုက္ခကြီး ဆိုက်ရောက်ကာငိုကြွေးဟစ်အော်ကြကုန်သည်။

ကာလိင်္ဂမင်းနှင့်တကွမှူးမတ်တို့လည်းတုန်လှုပ်ကုန်ကြ၏












ကာလိင်္ဂမင်းကား-သီလ
ဆောက်တည်လျက်ရှိ၏။






သို့သော်-ကာလိင်္ဂတိုင်းကား
မိုးခေါင်မြဲခေါင်နေသည်၊


ငါးသီလဆောက်တည် ပေမယ့်-မိုးမရွာ ပါလား
ကုရုတိုင်းမှာတော့ မိုးရွာတယ်ဆိုပဲ ဟ
မှန်လှပါ ကုရုတိုင်းမှာမိုးရွာတာ အဥ္စနဝဏ္ဏဆိုတဲ့.. ဆင်ဖြူတော်ရှိလို့ ဖြစ်မယ်...
ဟဲ..ဒါဖြင့် ကုရုတိုင်းဘုရင်ကြီး ဆီမှာဆင်ဖြူတော် အလှူခံစေ
၈




ကာလိင်္ဂတိုင်းမှ ပုဏ္ဏားမတ်များ-ကုရုတိုင်းဘုရင်ထံဆင်ဖြူတော် အလှူခံရာ ကြည်ကြည်- ဖြူဖြူပေးလိုက်၏။
မင်္ဂလာ အပေါင်းနှင့် ပြည့်စုံစေ
ကာလိင်္ဂသို့ဆင်ဖြူတော်ရောက်သော်ပုဏ္ဏားဖြူ ပုဏ္ဏားဘို့ တို့သည်မိုးရွာစေရန်ယန္တန်ပြင်ယန်းမှုတ်ကြလေသည်။
ဥုံ-ရှိရို ရှိရော့.
ဥုံ-ရှိရို-ဥုံ အုံအင်... အုံအင်.
မိုးခေါ်တဲ့ အုံအင်မန္တန် ဘုရား
သို့သော်--မိုးကားမရွာ---
၉


ထိုစဉ်ပညာရှိပုဏ္ဏားကြီးက လျှောက်ထားလေသည်။
ဟဲ့-ပုဏ္ဏားတွေ နင်တို့ဆင်ဖြူတော်ကြီးကမိုးမရွာတဲ့ အပြင်ပိုကြီးမိုး ခေါင်နေပြီ..
မှန်လှပါ ဓနဉ္စယကောရဗျ မင်းဆီမှာ-မိုးရွာစေတဲ့ ကုရုဓမ္မ မန္တန်ရှိတယ်တဲ့ ဘုရား---
ကဲ ဓနဉ္စယကောရဗျ မင်းဆီမှာကုရုဓမ္မ မန္တန်ကိုရှေ့ပေးလျှာမှာ အမြန်ကူးယူကြ..
ချက်ချင်းပင်-ပုဏ္ဏားကြီး တို့သည်ကုရုတိုင်းဓနဉ္စယ ကောရဗျမင်းထံအမြန်လာ ခဲ့ကြလေသည်။
ကုရုတိုင်း
၁၀




ဓနဉ္စယကောရဗျမင်းထံရောက်ကြသော်
ကာလိင်္ဂမင်းက အရှင်မင်းကြီးထံမှ ကုရုဓမ္မမန္တန်အလို ရှိကြောင်းပါ..
အို ပုဏ္ဏားကြီး ကုရုဓမ္မကား မန္တန်မဟုတ် သီလတရားသာ ဖြစ်၏၊ သင်တို့ကူးယူ နိုင်သည်။
ဤကုရုဓမ္မသီလကို ငါသည်-အမှန်ပင် စောင့်ထိန်းပါ၏၊ သို့သော်...
တခါက-ငါသည် နက္ခတ်ပွဲသဘင်မှာ လေးကစားခဲ့သည်..
၁၁


ငါလေးကစားယင်း
ငါပစ်လွှတ်လိုက်သော
မြားသည်မတော်တဆ
ရေကန်ထဲသို့ကျ
သွားသည်----
ငါ၏မြားသည်ရေကန်
ထဲရှိငါးများကိုထိသွား
လေသလားဟုငါသံသယ
ဖြစ်နေပါသည်--
ငါ၏ဂရုဓမ္မသီလကို
ကူးယူကြပေမယ့်
ငါ၏မယ်တော်ကြီး၏
သီလကပိုစင်ကြယ်
တယ်--
ဒါကြောင့်ငါ၏
မယ်တော်ကြီးဆီသို့
သွားကြဦး
အဲ့ဒါကြ
ရောပဲ..




ပုဏ္ဏားကြီးတို့သည်မယ်တော်ကြီးထံလာကြပြန်သော်--
အေး-ငါ့ဂရုဓမ္မ
သီလဟာစင်ကြယ်တယ်
ဆိုပေမယ့်-သံသယ
ဖြစ်နေတယ်ကွဲ့
တခါကသားတော်ဘုရင်
မင်းဟာငါ့ကိုတသိန်းတန်
စန္ဒကူးနှစ်တခုနဲ့တထောင်
တန်ရွှေပန်းခိုင်တခုလာပြီး
ပေးတယ်---
ငါဟာသီလဆောက်တည်လို့နံ့သာလိမ်းခြင်း၊ပန်းပန်ခြင်း
မပြုလို့၊ဒါကြောင့်-ချွေးမတော်နှစ်ယောက်ရှိလို့တဦးကို
စန္ဒကူးနှစ်နဲ့တဦးကိုရွှေပန်းခိုင်ပေးလိုက်တယ်--
သားတော်ကြီးရဲ့မိဖုရား
ကြီးကိုစန္ဒကူးနှစ်----
သားတော်ငယ်ရဲ့မိဖုရား
ကိုတော့ရွှေပန်းခိုင်---




ပုဏ္ဏားကြီးတို့သည်ဘုရင့်မိဖုရားကြီးဆီလာကြပြန်သည်။






အဲဒီအခါမှာငါက-လေသာပြတင်းကရှုစားလိုက်တဲ့အခါ
ရုတ်တရက်မတ်တော်အိမ်ရှေ့မင်းကိုစိတ်ရှုပ်မှားမိတယ်







ပုဏ္ဏားကြီးတို့သည်အိမ်ရှေ့မင်းသားသို့ရောက်လာကြသည်။
ငါလဲငါ့ရဲ့ဂရုဓမ္မ သီလကိုသံသယဖြစ် မိတယ်··
ငါဟာညဘက်ညီလာခံကို ရထားနဲ့တက်တဲ့အခါတိုင်း ငါ့အထိမ်းအမှတ်တခုကို အမြဲလုပ်ထားတယ်– ညီလာခံပြီးလို့နန်းတော်မှာပဲ အိပ်မယ်ဆိုယင်··ကြိုးနဲ့ နှင်တံကိုရထားဦးမှာအမြဲ ချိတ်ထားခဲ့တယ်၊ အဲဒါကို ကြည့်ပြီး·ငါ့အစေအပါး တွေဟာပြန်သွားကြတယ်။
တကယ်လို့ငါဟာနန်းတော် မှာမအိပ်ပဲပြန်မယ်ဆိုယင် ကြိုးနဲ့နှင်တံကို·ရထားရဲ့ အတွင်းမှာထည့်ထားခဲ့တယ်၊ အဲဒီအထိမ်းအမှတ်ကို ကြည့်ပြီး·ငါ့အစေအပါး တွေဟာ··ငါမပြန်မချင်း ငါ့ကိုစောင့်နေကြရတယ်၊ ဒါဟာ··သူတို့ရဲ့ တာဝန်ပဲ···
အဲဒီ··အထိမ်း အမှတ်ဟာအရေး အကြီးဆုံးပဲ··
၁၆




တညမှာငါဟာညညီလာခံပြီးပြီးချင်းပြန်လိုတာနဲ့ကြိုးနဲ့ နှင်တံကိုရထားအတွင်းမှာထားခဲ့တယ်။··ဒါနဲ့··ညီလာခံ မပြီးခင်မှာမိုးအကြီးအကျယ်ရွာချတာကြောင့်နောင်တော် ဘုရင်မင်းကငါ့ကိုနန်းတွင်းမှာပဲ·အိပ်ဖို့အမိန့်ရှိတယ်···
ညီတော် နန်းတွင်းမှာပဲ အိပ်လော့
ငါလဲနန်းတွင်းမှာပဲ အိပ်ရလို့·ငါ့အစေအပါး တွေဟာ·ငါ့ကိုတညလုံး စောင့်စားနေကြရတယ်
လူတွေအတွက်ခိုလှုံစရာ ရှိပေမယ့်··ရထားဆွဲတဲ့ မြင်းလိမ္မာမှာတော့·· မိုးထဲရေထဲမှာတညလုံး ဒုက္ခခံနေရရှာတယ်··
၁၇




ပုဏ္ဏားကြီးတို့သည်ပုရောဟိတ်ကြီးထံရောက်လာသော်...












ငါလဲဘုရင်ကြီးဆီ-အခစားဝင်တော့ဘုရင်ကြီးက ငါ့ကိုဒီရထားကြီးပေးတော့တာပဲ-



မင်းကြီးပေး၍ယူပင်ယူရသော်လည်း ပထမဦးစွာကပင်-
သူများမပေးသောပစ္စည်းကိုငါသည်လောဘတပ်ခဲ့လို့..




ပုဏ္ဏားကြီးတို့သည်မြေတိုင်းအမတ်ထံသွားကြပြန်သည်။






မြေတိုင်းပြီးတော့တွင်းတူးဖို့ကောင်းမလို့တော့ပဲတွင်းတခု
အသင့်ဖြစ်နေတာတွေ့ရတယ်-ဒီနေရာဟာအမှန်ကန်ဆုံး
နေရာဖြစ်လို့ငါဟာတွင်းထဲကိုလှံစိုက်လိုက်တဲ့အခါ..






ရထားထိန်းဆီရောက်ကြပြန်သော်...




တခါကာဘုရင်မင်းမြတ်ဟာတနေ့လုံးဥယျာဉ်တော်မှာ... တောကစားပြီးပြန်ဖို့ရထားပေါ်တက်ပြီးတာနဲ့မိုးမှောင် ကြီးကျလာပြီးမိုးရွာအုံ့ဆဲဆဲဖို့စိုးရိမ်စရာဖြစ်နေတယ်





ဒါကြောင့်ငါဟာမိုးလွတ်အောင်သိန္ဓောမြင်းတွေကို- နှင်တံနဲ့တို့လိုက်တာနဲ့---တခါတည်း-ဒုန်းစိုင်းလိုက်တာ ရထားဟာလေဟုန်စီးပြီးပါသွားလို့ခဏကလေးနဲ့ဘုရင် မင်းမြတ်ဟာမိုးလွတ်ပြီးနန်းတော်ကိုပြန်ရောက်တယ်.



အဲဒီနေ့ကစပြီးသိန္ဓောမြင်းလီမ္မာတွေဟာဥယျာဉ်တော် သွားတဲ့လမ်းမှာအသွားရောအပြန်ရောနှင်တံနဲ့မတို့ရပဲ ဒုန်းစိုင်းတော့တာပဲ၊မြင်းတွေဟာဒီနေရာကိုရောက်တိုင်း အန္တရာယ်ရှိတယ်လို့စွဲမှတ်နေကြလို့ပင်ပန်းရှာကြတယ်

ဒါဟာ-ငါ့ပယောဂကြောင့်ပဲ






သူဌေးကြီးထံရောက်လာကြပြန်သည်။









ပြည့်စိုးအမတ်ဆီလာကြပြန်သည်....



စပါးရေတွက်နေတုန်းမိုးရွာလာလို့ ဂျိုချိုးတဲ့စပါးစေ့တွေကိုစပါးပုံထဲပစ်ထည့်လိုက်ပြီးကျီထဲမိုးဝင်ခိုတယ်၊ ငါဟာဂျိုချိုးတဲ့စပါးစေ့တွေကိုဘုရင့်ဘဏ္ဍာတော်စပါးပုံထဲကိုပဲထည့်မိသလား-ဆင်းရဲသားစပါးပုံထဲကိုပဲထည့်မိလေသလား-ငါမခွဲတတ်ဘူး၊








တံခါးမှူးဆီရောက်လာကြပြန်၏၊




ဆင်းရဲသားယောကျ်ားနဲ့မိန်းမပျိုဟာ-သုတ်သီးသုတ်ပျာရင်မောစွာနဲ့ရောက်လာကြလို့ငါကဆီးပြီးဟန့်လိုက်တယ်



ငါဟာသူတို့ဆောင်နေမကိုလင်မယားအဖြစ်စွပ်စွဲမိလို့..




ပုဏ္ဏားကြီးတို့သည်ပြည့်တန်ဆာမထံလာကြပြန်သည်၊








လုလင်ပျိုဟာအဲဒီအချိန်တည်းကပြန်ပေါ်မလာတော့ပဲ ကျွန်မမှာသူ့ငွေတထောင်ကိုပိုက်ပြီးတခြားသူကိုလက် မခံပဲ သူ့ကိုသာသုံးနှစ်တိုင်တိုင်စောင့်စားနေခဲ့တယ်.



ကြာတော့ကျွန်မရဲ့စီးပွားရေးမပြေလည်လို့တရားသူကြီး ထံပါးဖွင့်ဟပြီးအဆုံးအဖြတ်ခိုင်းရပါတယ်--ဒီတော့




တရားသူကြီးကအဆုံးအဖြတ်ပေးလိုက်တယ်---


တရားရုံးတော်ကခေါင်းတာနဲ့ ယောကျ်ားတယောက်ဟာ.. ကျွန်မကိုလျော်ပါးဖို့ ငွေတတောင်းလာပေးတယ်
ဒီအချိန်မှာယခင်ကသုံးနှစ် တိုင်တိုင်ပျောက်နေတဲ့လူလင် ပျိုဟာဘွားကနဲ့ပေါ်လာပြီး ကျွန်မကိုလျော်ပါးဖို့ခေါ် တော့တာပဲ..
ယောကျ်ားနှစ်ယောက်အငြင်းပွားတဲ့ကြား..ကျွန်မဟာ မျာများရတော့တယ်..
ဟော့..မင်းဘာလာ နှောင့်ယှက်တာလဲ..
ဒီမှာမိတ်ဆွေ ဒီမိန်းမကိုခင်ဗျား အရင်ကျုပ်ကငွေ ပေးထားတာ
၃၀




နောက်ဆုံးမှာလူလင်ပျိုကပဲ အဆုံးအဖြတ်ပေးလိုက်ပြီး
လူလင်ပျိုဟာရှုးဆန်းစွာ နတ်အသွင်ပြောင်းပြီး... ပျောက်ကွယ်သွားတယ်
တကယ်တော့ငါဟာ မင်းရဲ့သီလကိုစမ်း တာပါ..
ဒါကြောင့်ကျွန်မရဲ့ သီလဟာသံသယဖြစ် ရတာပဲ..ကဲလေကျွန်မရဲ့ ဂရုမဲ့သီလကိုကူး ချင်လဲကူးကြပါ..
အေး..နောက်ဆုံး မင်းဆီက..ဂရုမဲ့ သီလကိုကူးပြီးမှင် ငါတို့ကာလိကတိုင်းကို ပြန်ကြမယ်
၃၁

ပုဏ္ဏားကြီးတို့သည်ကာလိင်္ဂတိုင်းသို့ပြန်ရောက်ကြသော်
ကာလိင်္ဂဘုရင်အားအကြောင်းစုံပြန်လည်လျှောက်ထားကာ
ရရှိခဲ့သောသီလရွှေပေလွှာကိုဆက်သကြလေသည်။












ဘုရားအလောင်းတော်သည်-ဗုဒ္ဓဖြစ်ရန်နေ့၌
ဗာရာဏသီပြည်သေနနိဂုံမှ-မဟာသေန-သူဌေးကြီး၏
သမီး "သုဇာတာ" က-ဘုရားအလောင်းတော်အား
ဃနာနို့ဆွမ်းကပ်လှူခဲ့လေသည်။
၁]

ယခု-သုဇာတာတွင် ယသလုလင်ဆိုသော တဦးတည်းသော သားရှိ၍ အလွန်ချစ်သောကြောင့် အလိုလိုက်လျက်ရှိ၏






သားယသ_လုလင်အား--- နွေ၊ မိုး၊ ဆောင်း၊ စံအိမ် သုံးဆောင်၌ အလှည့်ကျ-စံစား ပျော်ပါးစေလေသည်။

၂



တစ်ညသ၌ ယသလုလင်သည် ညဉ့်ဦးယံတွင် ပျော်ပါးပြီး စက်ပျော်သွားရာမှ သန်းခေါင် ယံတွင်-တရေးနိုးသော်----







ထိုမြင်ကွင်းကိုမြင်သည်နှင့် ယသလုလင်သည် ချက်ချင်းပင် တရားသဘောဖြင့်-- ရှုမြင်ဆင်ခြင်မိလေသည်။

၃

ယကြာဆီသူသည်ခံအိမ်မှ
တယောက်တည်းတိတ်တဆိတ်
ထွက်လာခဲ့သည်







ယသလုလင်သည်ဗုဒ္ဓရှိရာမိဂဒါဝုန်တောတွင်းသို့
ရောက်ရှိလာလေပြီ။

၄



ထိုအချိန်တွင်ဗုဒ္ဓကားစင်္ကြံလျှောက်နေတော်မူရာ..
ဗုဒ္ဓ၏ရောင်ခြည်တော်သည်ကွန့်မြူးလျက်.ယသအား
လမ်းပြလျက်ရှိ၏..




ယကြာဆီသူသည်ဗုဒ္ဓ၏
ရောင်ခြည်တော်အောက်တွင်
ဝပ်စင်းရှိခိုးလျှောက်ထား
လေတော့သည်။




၅


ထိုအခါ ဗုဒ္ဓ၏အသံတော်ကား ရောင်ခြည်တော်တွင်းမှ ထွက်ပေါ်လာ၏။
ကောင်းလေစွ ချစ်သား-ယသ
စည်းစိမ်ချမ်းသာခြင်းတို့ကား ဆင်းရဲခြင်းသာ ဖြစ်၏..
ဆင်းရဲခြင်းမှ လွတ်ကင်းခြင်းကို ပြတော်မူပါ ဘုရား
အို..ချစ်သား ယသ ငါသိအပ်သောတရား သည်ကား ချမ်းသာခြင်း အစစ်အမှန်တည်း.....
ချစ်သား ယသ ငါဟောတော် မူအံ့..
၄




ထိုစဉ် ယသ၏မိခင်သူဌေးကတော်သည် သားယသမရှိတော့သည့်အတွက် ငိုယိုကာ ခင်ပွန်းဖြစ်သူ သူဌေး ကြီးအားပြောပြလေသည်။
သားယသ မရှိတော့ဘူး-- ရှာပါဦးရှင်
သူဌေးကြီးလည်း ထိတ်လန့်ကာ ချက်ချင်းပင်-သားယသနောက်သို့ လိုက်လေတော့သည်။
ယသ၏ခြေရာများကား မိဂဒါဝုန်တောသို့-- ညွှန်လျက်ရှိ၏။

...ကြီး၏အပြစ်ကိုသိတော်မူသောကြောင့် ယသနှင့်ချက်ခြင်းမတွေ့စေလို၍ဖြစ်ကြောင်း-- သူဌေးကြီး ရောက်ရှိလာသောအခါ--






















ဗုဒ္ဓသည်-သူဌေးကြီးအားသရဏဂုံသုံးပါးကိုဆောက် တည်စေ၍ငါးပါးသီလကိုစောင့်ထိန်းစေလေသည်။



သဌေးကြီးအား ဗုဒ္ဓမှ ဟောတော်မူပြီးနောက် လူယောက်ျား
တို့တွင် ပထမဦးစွာ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ တည်မြဲ
သူဖြစ်သတည်း။









မကြာမီ ယသသည် ရဟန်းအဖြစ် ဗုဒ္ဓ၏ကျောင်းခြံတော်
တွင်းမှ - သူဌေးကြီး ရှေ့မှောက် ရောက်ရှိလာသောအခါ -
သူဌေးကြီးမှာ အလွန်အံ့ဩသွားသည်။














နောက်တနေ့နံနက်တွင်.... သူဌေးကြီး၏နေအိမ်၌--
ဗုဒ္ဓ၏ရောင်ခြည်တော်နှင့်တရားဓမ္မအသံတော်သည်
ထွန်းလင်းကြည်လင်စွာပေါ်ထွက်လျက်ရှိ၏-




သားရဟန်းယသကိုဖူးတွေ့ရသောမိဘနှစ်ပါးမှာအလွန်
ပီတိဖြစ်လျက်ဗုဒ္ဓ၏သရဏဂုံသုံးပါးနှင့်ငါးပါးသီလကို
ခံယူဆောက်တည်လျက်ရှိကြသည်။



ဤဇာတ်ဝတ္ထုထက် ထူးခြားသောဖြစ်ရပ်များကား......
ဗုဒ္ဓဘုရားတော်အခါ၌- သူဌေးသားယသသည်
လူဝတ်ရှင်ပင်ရဟန္တာဖြစ်ခြင်း။



ဗုဒ္ဓပွင့်ပြီးနောက် လူယောက်ျားတို့တွင်- သူဌေးကြီးသည်
လည်းကောင်း လူမိန်းမတို့တွင် သူဇာတာသည်လည်းကောင်း
ပထမဦးစွာရတနာသုံးပါးနှင့်ငါးပါးသီလ တည်မြဲ
သူတို့တည်း။











၁




--ကံသုံးပါးတို့ဖြင့်-ပြစ်မှားမိသော-အပြစ်တို့မှပျောက်ပါစေခြင်းအကျိုးငှာ-ပဌမ-ဒုတိယ-တတိယ တကြိမ်နှစ်ကြိမ်သုံးကြိမ်မြောက်အောင်ဘုရားရတနာ-တရားရတနာ-သံဃာရတနာ-ရတနာမြတ်သုံးပါးတို့ကို-အရိုအသေအလေး-အမြတ်လက်စုံမိုး၍ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ကန်တော့ပါ၏အရှင်ဘုရား။ ကျွန်ုပ်ကန်တော့ရသောအကျိုးအားကြောင့်အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ဖြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါးဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်းကင်းလွတ်ငြိမ်းသည်ဖြစ်၍-မဂ်တရား-ဖိုလ်တရား...












အဲဒီ-ပရိဗိုဇ်ဟာ-အဝတ်ကိုမရုံဘဲ-
အမြဲ-ဘိုသိဘတ်သီနေလေ့ရှိသတဲ့--
သူဟာ-ရှင်သာရိပုတ္တရာရဲ့
တူတော်ဖြစ်တဲ့အတိုင်း---
ရှင်သာရိပုတ္တရာက-အမြဲ
ဆုံးမနေရသတဲ့---
ဟဲ့-ပရိဗိုဇ်
အနေအထိုင်
ယဉ်ကျေးလော့
၄




ဒါပေမဲ့-ပရိဗိုဇ်ဟာသူ့စရိုက်အတိုင်း
ခပ်ရိုင်းရိုင်းဘဲသွားလာနေတာပေါ့---
ဟော-ရဟန်းတွေ
ငါ့အတင်းပြောနေ
ကြတယ်ထင်တယ်
ဘာပြောနေကြ
ပါလိမ့်
အရှင်-ရဟန်း
နိဗ္ဗာန်ကို
သိရဲ့လား
နိဗ္ဗာန်ကို
သိအောင်အခွင့်
မျက်မှောက်
ပြုပါစေ-
အရှင်
နိဗ္ဗာန်ကို
ဆုတောင်း
နော်-
၅



နိဗ္ဗာန်ကို မျက်မှောက် ပြုမှသာ..
နိဗ္ဗာန် ချမ်းသာကို ရတော့မပေါ့
နိဗ္ဗာန် သာလျှင်အငြိမ်း ချမ်းဆုံး
မှန်ပါ့.. နိဗ္ဗာန်သာလျှင် အမြတ်ဆုံး
နိဗ္ဗာန်ကို ရလိုပါ၏ အရှင်ဘုရား
၆
နိဗ္ဗာန်
ဘာ နိဗ္ဗာန်လဲ
ရဟန်းတွေဟာ နေ့ရှိသရွေ့ နိဗ္ဗာန်နေ့ဖြ တာဘဲ..
နိဗ္ဗာန်ဆိုတာ ဘာလဲ
စိတ်ရှုတ် လိုက်တာ
ငါဆွမ်းခံ ထွက်မှဘဲ
၇


လူရှိပုံလဲ မမြင်ပါလား
သူသည်မသိမသာတိုက်တွင်းသို့ မျက်လုံးဝင့်ကြည့်လိုက်ရာ---
ဟယ်.. အမြင်မတော် တာတွေ-တွေ. နေပြီ-
သူ၏မြင်ကွင်းတွင်
ဟဲ-ဟဲ ချစ်လို့ပါ ကွယ်
အို-အို လူတွေမြင် ကုန်တော့မယ်
သူဌေးကြီးနှင့်မိန်းမငယ်တို့ နှစ်ပါးသွားနေကြသည်။




ဟီး..ဟီး ဘယ်သူမှမမြင် ပါဘူး
ဟို...ဟိုမှာ.. ဆွမ်းခံကြွ လာပြီ..လွှတ် လွှတ်ပါ-
ဟော..ဒကာ့ဘဲ သူဌေးကတော်ကြီး နောက်က-ဝင်လာ တာ--
သူတို့မသိ ကြဘူး
ဟင်--ဒါဘာလုပ် ကြတာလဲ××တာကျော ကောင်ကြီးရဲ့--
ဟဲ-လင်နိုးမ မိန်းမယုတ်


အင်း-သူဌေးကြီးနဲ့ ကောင်မကလေး ရာဂမီးတောက် လောင်နေတာနဲ့--
သူဌေးကတော်ကြီး ဒေါသယမ်းအိုး ပေါက်ကွဲပြီ---
သူတို့ဟာ မောဟမီးခိုး အမိုက်မှောင်ထဲ ရောက်နေကြ ပါကလား
ရွာအဝမှ ဘုန်းကြီးပတ် တော့မယ်- ငါမြန်မြန် လစ်မှ-
အလို-- ရှေ့မှာလဲ ယိုင်တိုင် ယိုင်တိုင်နဲ့
ဘာကြောင့် ပါလိမ့်
၁၀




ရှာက ယောဂီလိုလို ရသေ့လိုလိုနဲ့-
ဟေ့ ဘယ်သူ့မှ လှူမယ်ထင်ဘူး ကွ
အနားတော့ မကပ်နဲ့-တခါထဲ ကိုက်လွှတ်လိုက် မယ်
ဟီး-ဟီး အရက်နဲ့
အလို-အရူး သမားပါလား သူလဲ-မောဟ မှောင်ထဲမှာ
လမ်းမမြင် ကမ်းမမြင် ဖြစ်နေပြီ
၁၁


ရပ်တော်မူ ပါဦးဘုရား
ဆွမ်းလောင်း ပါရစေဦး
သာဓု သာဓု-သာဓု
အလို ရှေ့မှာလဲ ရန်ပွဲပါလား
လောဘသားတွေ ဒုက္ခတွေပင်လယ် ဝေနေကြပြီ
၁၂




ဈေးလဲကြီးသေးရဲ့ အလေးလဲခိုးသေးရဲ့ ဟဲ့-အလေးခိုးမ
ညီးက-ငါ့ဆီက ကြွေးတော့ မဆပ်ဘူး
ဟဲ့-ကလိန် ကြံမ-
ရိုက်ဟေ့ ရိုက်
နင်တို့ဈေးက သူခိုးဈေး
မယားထိ ဓါးကြည့် ကွ-
မင်းတို့က လူလိန် လူရှုပ်
ငါ့မိန်းမကို မစော်ကားနဲ့
ဪ လူတွေဟာ-- ရာဂမီး-ဒေါသမီး မောဟမီးတွေ ကြားထဲမှာ--
ဒုက္ခကို ဒုက္ခမှန်းမသိ ကြပါကလား
၁၃


ကြာရင်ငါတော့ ဆွမ်းခံရင်း ငှက်သင့်တော့ မယ်---
ကျောင်းကို ပြန်ပြန် ကြမှ--
ကျောင်းရောက်တာနဲ့....
အို-ပရိဗိုဇ် ယနေ့-နိဗ္ဗာန်ကို မျက်မှောက်ပြု ပါ၏လော--
ငါတို့အတွက် နိဗ္ဗာန်ချမ်းသာ သည်သာလျှင် အမြတ်ဆုံး
အင်း-ကျောင်း ရောက်တာနဲ့--
ဒီနိဗ္ဗာန်ဘဲ ကြားကြားနေ ရတာဘဲ--
၁၄




ပရိဗိုဇ်ဟာအဝတ်တောင် မရုံတော့ဘဲ...
ဘာ နိဗ္ဗာန် လဲ...
ငါ ဦးကြီးတော်ဆီ သွားမေးမှဘဲ
ရှင်သာရိပုတ္တရာထံ အရောက်သွားပြီး..
ဟဲ့-ပရိဗိုဇ် ဘာဖြစ်လာ ပြန်သလဲ--
အို-ရဟန်းတွေဟာ နိဗ္ဗာန်--နိဗ္ဗာန်နဲ့-- တနိဗ္ဗာန်ထဲဟာန် နေကြတာဘဲ
နိဗ္ဗာန် ဆိုတာ ဘာလဲ
သူ့ဝသီအတိုင်းခပ်ရိုင်းရိုင်းပင် မေးလျှောက်လိုက်သတဲ့--။
၁၅




# ငါးပါးသီလခံယူပုံအစီအစဉ်

## ရှိခိုးခြင်းနှင့် ဆုတောင်းခြင်း

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးပါးဖြင့် ပြစ်မှားမိသော် အပြစ်တို့ကိုပျောက်ပါစေခြင်း အကျိုးငှာ၊ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟူသော ရတနာမြတ်သုံးပါးတို့အား အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ကန်တော့ရသော အကျိုးအားကြောင့် အပါယ် လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

## သရဏဂုံနှင့် သီလတောင်း

၁။ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ၊ မေ ဘန္တေ။

၂။ ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ၊ မေဘန္တေ။

၃။ တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံကတွာ၊ သီလံ ဒေထ၊ မေဘန္တေ။

## ဘုရားရှိခိုးခြင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။



## သရဏဂုံ ဆောက်တည်ခြင်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊

## ငါးပါးသီလ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

## ငါးပါးသီလဆိုင်ရာ အဓိပ္ပာယ်များ

ဩကာသ – ဟူသည် ရှိခိုးကန်တော့ရန် ခွင့်တောင်းခြင်း၊
ကံသုံးပါး = ကာယကံ ကိုယ်ဖြင့်ပြုလုပ်မှု၊
= ဝစီကံ နှုတ်ဖြင့်ပြောဆိုမှု၊
= မနောကံ စိတ်ဖြင့်ကြံစည်မှု၊

## ရတနာသုံးပါး

ရတနာ = မြတ်နိုးအပ်၊ နှစ်သက်အပ်သောအရာ၊
ဘုရား = လောကဌ် ဖြစ်ပျက်သမျှသောတရားတို့ကို မိမိ အလိုလို သိတော်မူ၍ တစ်စုံတစ်ယောက်နှင့်မှ တူတော်မမူသောကြောင့် ဘုရား။
တရား = အပါယ်ငရဲ ဝဋ်ဆင်းရဲသို့ မကျစေမူ၍ နိဗ္ဗာန်ချမ်းသာကို ရရှိစေတတ်သော ဗုဒ္ဓ၏ ဒေသနာတော်။
သံဃာ = ဗုဒ္ဓ၏တပည့်သား သံဃာအရိယာများနှင့် သမ္မုတိသံဃာတော်များ။

ဘုရား၊ တရား၊ သံဃာတို့သည် ကောင်းကျိုးချမ်းသာ အဖြာဖြာကို ပေးတတ်သဖြင့် မြတ်နိုးအပ်၊ လေးစားအပ်၊ ယုံကြည်ကိုးစားအပ်သောကြောင့် ရတနာဟုခေါ်သည်။



## အပါယ်လေးပါး

ငရဲ – ချမ်းသာခြင်း အနည်းငယ်မျှ မရှိ၊ မီးတောက်မီးလျှံ၊ ဓားစက်၊ လှံစက် တို့ဖြင့် အစဉ်အမြဲ နှိပ်စက် ခြင်း ခံရသော ဌာန။
တိရစ္ဆာန် – ရတနာသုံးပါးကို မသိ၊ စားခြင်း၊ အိပ်ခြင်း၊ မေထုန်မှီဝဲခြင်း တို့ကိုသာ သိသော သတ္တဝါ၊ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာတို့မှ ဖီလာဖြစ်သော ဘဝ။
ပြိတ္တာ – ချမ်းသာသုခတို့မှ ကင်းဝေးသောသရဲ၊ တစ္ဆေ၊ မှင်စာ၊ ဘုတ်ပြိတ္တာတို့၏ ဘဝ။
အသူရကာယ် – စည်းစိမ်ချမ်းသာတို့ဖြင့် မပျော်ရွှင် မမြူးတူးနိုင်သောဘဝ၊ နေ့အခါ စံရသော်လည်း ညအခါ ခံရသောအဖြစ်၊ ညအခါ ခံရသော်လည်း နေ့အခါ စံရသောအဖြစ်။

## ကပ်သုံးပါး

ကပ်ဆိုသည်မှာ ကာလအပိုင်းအခြား

ဒုဗ္ဘိက္ခန္တရကပ်– အစာငတ်မွတ် ခေါင်းပါး၍ သေကြေပျက်စီးရခြင်း။

သတ္ထန္တရကပ်– ဓားလှံ၊ လက်နက်မျိုးစုံတို့ကြောင့် သေကြေပျက်စီးရခြင်း။

ရောဂန္တရကပ်– ရောဂါအမျိုးမျိုး ကျရောက်၍ သေကြေပျက်စီးရခြင်း။

## ရုပ်ပြစ်ရှစ်ပါး

**ရေ** – ချမ်းသာခြင်း အလျှင်းမရှိသောဘဝ၊
**တိရစ္ဆာန်** – ရတနာသုံးပါးမသိ၊ မဂ်ဖိုလ်တို့နှင့် ဝေးသော သတ္တဝါတို့ဘဝ။
**ပြိတ္တာ** – ချမ်းသာကင်းသော ဘုတ်၊ တစ္ဆေ၊ မှင်စာတို့ ဘဝ၊
**အသညသတ်** – ရုပ်သာရှိ၍ နာမ်မရှိ၊ နာမ်သာရှိ၍ ရုပ်မရှိ သောဘဝ၊
**ပစ္စန္တရစ်** – သရဏဂုံသုံးပါးကင်းသော ရိုင်းစိုင်းသူတို့အရပ်၊
**ဝိကလိန္ဒြိယ** – အမိဝမ်းတွင်းမှ ကျိုးကန်း ဆွံ့အ ခြင်းဖြင့် မွေးဖွားခံရသော ဒုက္ခိတဘဝ၊
**မိစ္ဆာဒိဋ္ဌိ** – တရားမှန်းမသိ၊ အယူမှားခြင်း၊
**ဗုဒ္ဓသုညောတိယေတုကော** – ဘုရားဖြစ်တော်မမူသောအခါကာလ၌ တိဟိတ်ပဋိသန္ဓေနေသောသူ၏ ဘဝ၊

## ရန်သူမျိုးငါးပါး

**ရေ** – သတ္တဝါတို့အား ဆင်းရဲ၊ ချမ်းသာကို ပေးတတ်သော အရည်ဓာတ်မျိုး။
**မီး** – လောင်ကျွမ်းစေတတ်သော အပူဓာတ်မျိုး။
**မင်း** – ရေမြေကို အစိုးရသူ၊
**ခိုးသူ** – သူတစ်ပါးဥစ္စာကို ခိုးသူ၊
**မချစ်မနှစ်သက်သူ** – မိမိအားမုန်း၍ မကောင်းကျိုးကိုသာပြုတတ်သူ၊



## ဝိပတ္တိတရားလေးပါး

ဂတိဝိပတ္တိ = အပါယ်လေးပါး၌ ဖြစ်ရခြင်း၊
ဥပဓိဝိပတ္တိ = ခြေလက်အင်္ဂါ မစုံလင်သူဖြစ်ရခြင်း၊
ကာလဝိပတ္တိ = မကောင်းသော မင်းတို့ အုပ်စိုးချိန်၌ ဖြစ်ရခြင်း၊
ပယောဂဝိပတ္တိ = အားထုတ်မှု လုံ့ဝမရှိခြင်း၊

## ဗျသနတရားငါးပါး

ဉာတိဗျသန = ဆွေမျိုး ပျက်စီးခြင်း၊
ဘောဂဗျသန = စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊
ရောဂဗျသန = အနာရောဂါနှိပ်စက်၍ ပျက်စီးခြင်း၊
သီလဗျသန = သီလပျက်စီးခြင်း၊
ဒိဋ္ဌိဗျသန = မှန်သော အယူဝါဒ ပျက်စီးခြင်း

### လယ်တီဆရာတော် ဩဝါဒ

သီလငါးပါး၏ လူ့တရားကို၊ မမှားစေမှု၊ အလေးပြု။
မြွေဆိုးကျားဆိုး၊ ဘီလူးဆိုးကို၊ မတိုးဝံ့ကြား၊
ဝေးစွာရှားသို့၊ ငါးပါးသီလ၊ မရှိကြသူ၊
လူမသူတော်၊ လူပျက်ချော်ကို၊ အဖော်မပြု၊ ဝေးစေမှု။

## သရဏဂုံနှင့် သီလဆိုင်ရာ ပါဠိမြန်မာပြန်များ

● ဘန္တေ၊ အရှင်ဘုရား။
အဟံ၊ အကျွန်ုပ်သည်။
တိသရဏေန၊ သရဏဂုံ သုံးပါးနှင့်။
သဟ၊ တကွ။
ပဉ္စသီလံ၊ ငါးပါးသီလဟုဆို အပ်သော။
ဓမ္မံ၊ ကျင့်ဝတ်တရားတော်မြတ်ကို။
ယာစာမိ၊ တောင်းပန် ပါ၏။

● ဘန္တေ၊ အရှင်ဘုရား။
မေ၊ အကျွန်ုပ်အား။
အနုဂ္ဂဟံ၊ ချီးမြှင့်ခြင်းကို။
ကတွာ၊ ပြုတော်မူ၍။
သီလံ၊ သီလကို။
ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။



## နမောတဿ မြန်မာပြန်

အရဟတော၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သော။
သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် သိတော်မူတတ်သော။
တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။
နမော၊ ရှိခိုးပါ၏ အရှင်ဘုရား။

## သရဏဂုံဆိုင်ရာ မြန်မာပြန်

✳ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။
သရဏံ၊ ကိုးကွယ်ရာဟူ၍၊
ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။
✳ ဓမ္မံ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် တရားတော်မြတ်ကို။
သရဏံ၊ ကိုးကွယ်ရာဟူ၍။
ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။
✳ သံဃံ၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန် လေး ယောက်နှင့်တကွ သမ္မုတိသံဃာတော် အရှင်မြတ်ကို။
သရဏံ၊ ကိုးကွယ်ရာဟူ၍။
ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

## ကျင့်ဝတ် ငါးပါး မြန်မာပြန်

၁။ ပါဏာတိပါတာ၊ သူတစ်ပါး၏ အသက်ကို သတ်ခြင်းမှ။
ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။
သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ၊ သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ။
ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။
သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၃။ ကာမေသု မိစ္ဆာစာရာ၊ သူတစ်ပါး သားမယားတို့အား ပြစ်မှား လွန်ကျူးခြင်းမှ။
ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။
သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၄။ မုသာဝါဒါ၊ လိမ်ညာပြောဆိုခြင်းမှ။
ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။
သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၅။ သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ၊ မူးယစ်စေတတ်သည့် သေရည် အရက်တို့ကို သောက်ခြင်းမှ။
ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။
သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။



### ပါဏာတိပါတာ
### ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ

ပါဏာတိပါတ်၊ သူ့သက်သတ်က၊
ချို့လတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊
အားအင်ချွတ်ယွင်း၊ လျင်ခြင်းလည်းဝေး၊
ဘေးကိုးကြောက်တတ်၊ အသက်ခံရ၊
အနာများလျက်၊ ခြွေရံပျက်၍၊
အသက်တိုလျှ၊ ပြစ်များစွသည်၊
ရှောင်ခါအပြန် အကျိုးတည်း။ ။


မေးခွန်း!
အသံဝါကြီး
ဝူးဝါး
ဝါးအား
ရွာအစွန်-ရေပုဒ်ရှိ
တင်းကုပ်တဲကြီးအတွင်းမှ
ညည်းသံကြီးနှင့်အော်ဟစ်
နေသောအသံဝါကြီးကား
ကြားရသူတိုင်းတုန်လှုပ်
ချောက်ချားကုန်ကြသည်။
၁




ဟော
ဘာသံကြီးလဲ
ကြောက်စရာ
ကြီး..
အသံက
အသံဝါကြီး
လျှာမထိ
အာမထိ-အော်
နေတာဟဲ့..
ဒါ-ဖိုးအာကြီး
နွားသတ်နေတဲ့
အသံပဲ-
ဟုတ်ဘူးတော့
ဒါတိုင်းလဲနွားသတ်
နေတာပဲ--
ဒီလိုအသံမျိုး
မကြားရပါဘူး
တော်--
၂


ဒီ-လူသတ်တဲ့ အသံနဲ့တူတယ်
ဖိုးအကြီးနဲ့ မိအာမောတို့ဘာဖြစ် နေကြတာလဲ-မသိဘူး
ကြည့်လိုက်အုံးမယ်
လူအာချိုသည်-တို့တစ်နှင့် မလှမ်းမကမ်းသို့ ရောက်လာကြသည်။
ပေး-ဖိုးအကြီးတို့ အာမောတို့-ဘာဖြစ် နေကြတာလဲ..
ပြန်ဖြေသံမကြားရ ခေါ်သံကြီးသာဆူညံနေ၏။
၃




မကြာမီ-မိအာမောတို့သားအမိပြေးထွက်လာသည်။
လာကြပါအုံး ကိုအာကြီးတစ်ယောက်
သူရဲပူးသလိုလို တစ္ဆေပူးသလိုလို နဲ့..
ဟဲ့-မိအာမော ဘာဖြစ်နေကြ တာလဲ..
နင်တို့ဟာက အလန့်တကြား
ဒီလိုပါ... ဖိုးဖိုးရယ်
မယားဖြစ်သူက-အဖြစ်အပျက်ကို ပြန်ပြောပြလေတော့သည်။
၄


ကျွန်မယောက်ျားကိုအာကြီးဟာ-နေ့စဉ်လိုလို-
နွားသတ်ပြီးအမဲရောင်းအသက်မွေးခဲ့တယ်-
နွားသတ်ပြီးတိုင်း
ဟဲ့-မိန်းမ ဟောဒီ-မိုးချိုသားက ငါစားဖို့--
ပေါင်သားကို ညနေငါအရက် နဲ့မြည်းရမယ်
ကောင်းကောင်း ချက်ထားပေါ့-
ငါအမဲသား သွားရောင်းလိုက် အုံးမယ်
ရွာတွေအနှံ့လျှောက် ရောင်းတော့တာပဲ။
၅




အမဲသား လတ်လတ်ဆတ်ဆတ် မျိုး
လာပါအုံး ကိုအာကြီးရဲ့
ဒီနေ့တော့ မင်းသွားရောင်း ကွာ
တခါတလေသူဟာတနေ့လုံး သောက်စားချင်တာနဲ့--
ဟောဒီ ခေါင်းကြီးကို- ငါကိုယ်တိုင်ချက် စားချင်တယ်
ကျွန်မက-ရောင်း ပေးရတယ်-
ဒီနေ့တော့မယားက အမဲရောင်းလို့ပါလား လာအုံးဟဲ့-အမော
၆


သူဟာနေ့ခင်း
သွားသတ်ပြီး...
အမဲဖျက်ရောင်းသလို-
နေ့ခင်း-အမဲသားပါမှ
ထမင်းစားတယ်ရှင့်-
မနက်ဖြန်
အမဲအသည်း
ချက်ကွာ--
မနေ့က-အမဲ
နှပ်လဲ့သိပ်ကောင်း
ဒီနေ့အမဲကြော်လဲ
သိပ်ကောင်း--




မကြာခင်ပဲ-ကျမမှာ
ကလေးမျက်နှာမြင်
လာတာနဲ့-
သားကလေး
ရပြီကွ
အူ..ဝဲ
အူအဲ
သူဟာအားရဝမ်းသာ
----မီးတွင်းမိန်းမ
နို့မရ၍--
အူ..ဝဲ
အူအဲ
သားက
နို့ရည်မလိုက်
သူတတ်သမျှလက်တွေကို



ဆီးဖုတ်ချက်ချင်း
တောက်တောက်
စဉ်း၍…
ဟင်းခါးလည်းချက်
ကြောင်ပန်းရွက်နှင့်
ရှိုပျက်မိန်းမ
သောက်လိုက်
ရလျှင်…
ရှိုလုံးရှင်သည်…
သူလင်စို့တော့
မကျန်တည်း
ဟီး…ဟီး
နွားဖြီးကိုဟင်းခါးချက်
ကျွယကိုအတင်းတိုက်
တော့တာဘဲရှင်။
သောက်စမ်းပါ
မိန်းမရာ
နင်မသောက်ရင်
ငါသောက်ပြစ်
လိုက်မှာဘဲ…
၉






အဲဒီလို-နှစ်အတော်ကြာကြာ
နွားသတ်သမားဖြစ်ခဲ့သူပီပီ-
သူဟာ-ကုသိုလ်ကောင်းမှုကို
လုံးဝသတိမရပါဘူးရှင်—
ကျွမတို့အလျှု
ဒါနကလေး
လုပ်ရအောင်
ကိုအကြီးရယ်
ဘာ-အလျှု
ဒါနလဲ…
ဒါနဆိုတာ
ဒါလောက်-နိုတာ
မရှိဘူး
အများက
ဒို့ကျွေးတာ-အလကား
လာစားကြမှာ-ဟဲ့
၁၀


တနေ့သနေ့-သူဟာအမဲရောင်းပြီး
မောမောနဲ့ပြန်လာတယ်-ပြီးတော့
မောင်ဒီမှာ ငါ့အမဲတတွဲ ချန်ထားတယ်
ငါ့ဘို့အမဲနှပ် ကောင်းကောင်း ချက်ထားစမ်း
ငါရေချိုး သွားအုံးမယ် ပြန်မှစားမယ်
သူဟာမြစ်ဆိပ်ကိုရေချိုးဆင်းသွားတဲ့အခါ-ကျမလဲ
၁၁ အမဲတွဲကိုချိတ်ဆွဲပြီး-ချက်ဘို့ပြင်ဆင်နေတယ်။




မကြာခင်မှာ - -
ဟေး-ဖိုးအကြီး ငါ့အမဲသားဝယ် ချင်လို့ - -
သူ-သူရေချိုး သွားတယ်ရှင်
သူ့သူငယ်ချင်းတယောက်ပေါက်လာပြီး
ရောင်းဘို့အမဲ သားလဲ-မရှိ ပါဘူး
အိမ်မှာဧည့်သည် ရောက်နေလို့ပါ-
အဲ့မယ်-ဟိုမှာ အမဲတတွဲပါလား
မယူပါနဲ့ရှင် ဒါ-ဒါ-သူစားဘို့ ချန်ထားတာပါ.
ဘာရမလဲ ငါအတင်းယူရ မှာဘဲ
၁၂ အမဲတွဲကိုအတင်းယူသွားတော့တာဘဲ။


ဈေးပေးပြန်တော့-ကိုအကြီးဟာ-ရေချိုးအပြန် ထန်းတောဝင်ခဲ့လို့အတော်ထွေလာတယ်ရှင့်—
ဟေး-မိန်းမ အမဲဟင်း ချက်ပလား
ကျွမလဲ-သူ့ဖူးဖူး ရူးရူးနဲ့မို့ကြောက် ကြောက်နဲ့ရှင်းပြ တော့---
ခွေးမ-ငါအမဲ မပါရင်-ထမင်း မစားဘူးဆိုတာ
နင်မသိ ဘူးလား
သူဟာကျွမကို ဆောင့်ဖယ်ပြီး----
ပုဆိန်ကြီးနဲ့နွားခြံထဲ
၁၃ ဆင်းသွားတော့တာဘဲ။




နွားခြံထဲမှာလဲ-ခိုင်းနွားဘဲအလွယ်တကူရှိတာမို့-
ကိုအကြီး- ခိုင်းနွားကိုတော့ မလုပ်ပါနဲ့ရှင်
ခိုင်းနွား
ကျွမအော်ပြီး တားလိုက်တော့
သူဟာနွားကိုမသတ်တော့ဘဲ-ပါးဆွဲပြီး နွားရဲ့လျှာကိုဘဲဖြတ်တော့တာဘဲရှင်။
ရော့-ဒီလျှာကို အမြန်ကင် ပေးစမ်း
၁၄ ကျွမကိုလျှာကြီးချက်ခြင်းအကင်ခိုင်းတော့တယ်


လျှာကိုမီးရှိန်နဲ့ကင်လို့-ယကျက်တကျက်မှာ-သူဟာ
အငမ်းမရ-ပူရူလောင်လောင်နဲ့ကိုက်ပြီ--
အတင်းမျိုချလိုက်တဲ့အခါ- လည်ချောင်းမှာအသားတုံးကြီး တစ်ဆို့ပြီး-သူလျှာတခုလုံးအပူ လောင်ကုန်ပါရော---
အား လားလား
ချက်ခြင်းဘဲ-လျှာအရင်းမှာ အနာဖြစ်ပြီး- အော်ရင်း ဟစ်ရင်းနဲ့-မကြာခင်မှာဘဲ သူလျှာကြီးအရင်းကပြတ် ကျတော့တာဘဲရှင်--
အါးဂူး
၁၅




မယားဖြစ်သူမိအေးက-ဖိုးအာကြီးရဲ့ဖြစ်ပုံအလုံးစုံ
ပြောပြရှာပြီးသော်လည်း---
အခု-သူဟာ- လျှာမရှိတဲ့ပါးစပ် ကြီးနဲ့-အော်နေ တာပေါ့--
လျှာမရှိတဲ့သူ့ရဲ့ ဒုက္ခဟာ-တယ်ကြီး ပါကလား
လျှာမရှိသောဖိုးအာကြီးရဲ့ အော်ဟစ်နေသည့်အသံပါ ကြီးကားပုံတင်ထပ်လျက်--။
ဗြော်-ဒုက္ခ ဒုက္ခ
ပြီး
သံဝေဂတွေ့ဖြစ်ပြီးနောက်ကျမ်းမှ--
၁၆ ပါဏာတိပါတ-အပြစ်တွေကြီးမှီးပါသည်။

## အဒိန္နာဒါနာ
## ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ

အဒိန္နာဒါ၊ ခိုးမိပါမူ၊
ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊
လိုရှိမရ၊ ဘောဂပျက်စီး၊
ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊
မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊
ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊
ရှောင်ခါ အပြန်အကျိုးတည်း။ ။

# သူခိုးတွေနဲ့ အာပြိုင်




ထိုအချိန်တွင်အိမ်ကြိုအိမ်ကြားမှ-
သူခိုးတယောက်—
သူ့မျက်နှာတခုလုံးကို
အိုးမဲခြယ်ထားသည်။
ပေါင်တွင်လည်း
ကြောင်ဆင်း
ကြောင်တက်နှင့်
ချွတ်နင်းလျက်
ရှိ၏။




မကြာမီ-သူသည်-အိမ်တအိမ်မှအထုပ်ကြီးတခုကို
ခိုးယူခဲ့လေသည်။
ဤအချိန်ကားတောရနက္ခတ်ရိုက်ကွန့်မြူးချိန်ဖြစ်ရာ
သူဌေးကြီးအိမ်တွင်လည်း
သူခိုးတယောက်—
တချိန်တည်းမှာပင်မြို့ဝန်
အိမ်တွင်လည်း-သူခိုး-


စစ်သူကြီးအိမ်
တွင်လည်း-သူခိုး-
အမတ်ကြီးအိမ်
တွင်လည်း-သူခိုး-
နောက်ဆုံးတွင်နန်းတော်တွင်း၌ပင်စောရသူခိုးတဦး
(၄) ဝင်ရောက်ကာ-အစွမ်းပြလျက်ရှိလေသည်။




ထိုစောရငတက်ပြားသူခိုးကြီးများကား-အချို့ပိုင်ရှင်ကြီး
ပဖား-ပစ္စည်းများကိုအသိသိခိုးယူကြ၏-အိမ်ကြီး
တအိမ်ရှားသို့ချဉ်းကပ်လာကြသည်။
ထိုအိမ်ကြီးပေါ်မှ-မိန်းမ
ပျိုတဦးသည်သူခိုးတို့၏
လှုပ်ရှားမှုကိုကြည့်နေ၏
ထိုခဏ၌တယောက်သည်
အုတ်တံတိုင်းကို-ကျော်သွားပြီး
(၅)






ထိုစဉ်မိန်းမပျိုသည်ထိုလူအားအမှတ်မထင်
ဖျတ်ကနဲ့မြင်လိုက်သည်နှင့်တုန်လှုပ်သွားသည်။




မကြာမီထိုအိမ်ကြီးအတွင်း-စောရသူနီးရှိရာပေးရောက် ရှိလာကြလေပြီ-
အောင်ပြီ ဆရာကြီး
ကဲ-ဆရာကြီးရဲ့ ကတိအတိုင်းအထိုး အတန်ဆုံးထိုးနိုင် သူ့အား...
ဆရာကြီးရဲ့သမီးနဲ့ ပေးစားမယ်လို့ မိန့်ကြားခဲ့တယ် မဟုတ်လား
ဟုတ်ပါသည်။ တလောကဆရာကြီးသည် သူတပည့်များအား မိန့်ကြားခဲ့သည်။
ငါ့တပည့်တို့-ပညာတော့ စုံပြီ-ကြောင်ရာပဲစုံဖို့ လိုတော့တယ်။ ဒီတော့- မင်းတို့ထဲကဘယ်သူဆီကအထိုး အတန်ဆုံးပစ္စည်းရတာကို ထိုးနိုင်သူအား-ငါ့သမီးနဲ့ ပေးစားမည်-
၁




ငါ့ကတိအတိုင်း ငါ့သမီးနဲ့ပေး စားမယ်
ကဲ-မောင်မဲတူ မင်းက-ဘာထိုး သလဲကွဲ့
မောင်မဲတူဆိုသူသည်သူ၏ထမီစုတ်စုတ်ကြီးကို ဖြေလိုက်ရာ-
ဟား-ဟား မင်းကသူထိုး တောက်ပုံကြီး ဘဲကွ-
ဟား-ဟား
အားလုံးပွဲကျသွားကြသည်။
၂

ဆရာကြီးသည်တခုန်းပြိုတခုပေးလေတော့သည်။





















ဟာယ်-ဒီအဝိုင်းဆို မင်းသားရဲ့သံလျက်တော်ပါ..
အားလုံးထဲမှာ တန်ဘိုးအရှိဆုံးဖြစ်တဲ့အတွက်
မင်းသားနဲ့ ဆရာကြီးရဲ့ သမီးနဲ့---
ထိုအခိုက်-ဝုန်း ကနဲ အသံကြီးပေါ်ထွက်လာရာ-အားလုံးလန့်သွားကြသည်။
အကြောင်းမှာ-မောင်မဲတူသည် ဒေါသထွက်ကာ-သူ၏ကျောက်ပြင်အိုးကြီးကိုရိုက်ခွဲလိုက်သောကြောင့်တည်း။
ဝုန်း





ကျောက်ပြင်ကွဲ၍အတွင်းမှပတ္တမြားတခု ထွက်လာသော်---
ဟာယ်
ဟင်
ဟာယ် ပြောင်တောက်တဲ့ ပတ္တမြားကြီးပါ!
အားလုံးအံ့သြသွားကြသည်။
ဒီအဝိုင်းသာဆိုရင် ဒီပြောင်တောက်တဲ့ပတ္တမြားကြီးပါ အဖိုးအတန်ဆုံးဆိုတော့---
မောင်မဲတူနဲ့ ဆရာကြီးသမီးနဲ့
ဟဲ့-နေဦး နေဦးဟဲ့-- လူမစုံသေးဘူး--
ဟာ
တပည့်တယောက် ရောက်မလာသေးပါလား


ဆရာကြီး ကျွန်တော်ဒီမှာ ပါ
ထိုစဉ်-လူတယောက်တိုင်ကွယ်မှ ဘွားကနဲပေါ်ထွက်လာပြီ...
ကဲ-မောင်သီလ မင်းကော-ဘာ ပါခဲ့သလဲ-
ကျွန်တော့မှာ သီလဘဲ ပါ ပါတယ်
ခိုးမှုဝှက်မှုတွေဟာ အလွန်စက်ဆုပ်ရွံရှာ ဘွယ်ကောင်းလှတဲ့ အတွက်...
ကျွန်တော်ဟာ ဒီခိုးဝှက်မှုကို ဘယ်တော့မှ မပြုလိုပါ...
ဖြူစင်သောသီလ ကိုသာအမြဲဆောက် တည်လျက်ပါ ဆရာကြီး...
တည်ကြည်စွာ သစ္စာစကားဆို လိုက်သည်




အေး-မင်းတို့ ပညာတတ် ကြပေမဲ့...
မင်းတို့မှာသီလ ရှိမရှိသိရအောင် ငါစမ်းတာပါ
တကယ်တော့-တာရေ... မင်းတို့ဟာ-တိုင်းပြည်ရဲ့ တာဝန်အသီးသီးကို ထမ်းဆောင်ကြတဲ့အခါ သူခိုးကျင့်သူခိုးကြံနဲ့...
ဒီလိုဘဲခိုးဝှက်နေကြ မယ်ဆိုရင်-ဒီတိုင်းပြည် ဘယ်တော့သာယာ တိုးတက်မလဲ...
ဆရာကြီးသည်-သူ၏ ပရိယာယ်ကိုရှင်းပြလိုက် လေသည်။
မခိုးကြနဲ့ မဝှက်ကြနဲ့




## ကာမေသုမိစ္ဆာစာရ
## ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ

မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊
မုန်းကြသူများ၊ ရန်သူများ၍၊
ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၍၊
ဣတ္ထိပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊
မျက်နှာမလှ၊ အရှက်ရလိမ့်၊
လက္ခဏာကျမြွေ၊ ယွင်းသွေချို့သိမ်၊
စိုးရိမ်များစွာ၊ ချစ်သူကွာသည့်၊
ရှောင်ခါအပြန် အကျိုးတည်း။ ။



မိဖုရားရဲ့ခေါင်းပေါ်က သစ်သီးကလေးကို ထိအောင်ပစ်လိုက် စမ်းပါ
၁






သူသည်-လေးအတတ်သာမဟုတ် ဓါးခုတ်လှံထိုး-သိုင်းအမျိုးမျိုး ပါထူးချွန်သောကြောင့်ပါမောက္ခဆရာကြီးသည်အလွန်ပင်-သဘောကျကာ...
ငါ့တပည့်တွေထဲမှာ အောင်သူရဟာအထူး-ချွန်ခဲ့-သပေါ့ရဲ့
အေး-လမ်းခရီးမှာ ဘေးအန္တရာယ်ကင်းဝေးကြပါစေ
ရန်သူ့အပေါင်းကို အောင်နိုင်ပါစေ
မကြာမီမင်းသား အောင်သူရ-နေပြည်တော် အပြန်-သမီးမိဖုရားနှင့် ပေးစားလိုက်လေသည်။
ထိုကြောင့်သူ့ကိုမောင်နှံသည်နေပြည်တော်အပြန်-တော လမ်းခရီးကြမ်းကိုဖြတ်လာခရီးဦးအဖြစ်တပျော်ပျော် ထွက်လာခြင်းဖြစ်၏။
ရေဆာလိုက်တာ မောင်ရယ်ခေတ္တ နားကြစို့နော်
၂


ရန်သူအပေါင်းကို
အောင်နိုင်ပါစေ..
ပစ်လေ






မချော်လင့်ဘဲ-တောဆင်ရိုင်း
ကြီးတကောင်ဘွားကနဲ
ပေါ်လာရာ--
လက်ဖြောင့်သောအောင်သူ၏
မြားတစင်းသည်---
ဆင်ကြီး၏ချက်ကောင်းကို
ထိမှန်ဖြိုခွင်းလိုက်လေသည်။
၅




မောင်တော်
ကယ်မလို့သာ
ပေါ့---
မြားတစင်းရဲ့တန်ဖိုးကို
သိပလား
အခု
မောင်တော့်မှာမြား
လေးဆယ့်ကိုးစင်း
ကျန်သေးတယ်
နှမတော်အတွက်
ကတော့-ဟောဒီ
ဓါးကိုသာ
လက်မလွှတ်
စေနဲ့--
သူတို့တွင်မြင်းမရှိတော့ရာ ပင်ပန်း
ကြီးစွာခရီးဆက်ကြပြန်သည်။
ဤသို့နှင့်တနေရာရောက်သော်--
သတိထား
နှမတော်
၆


ဟင်-သူခိုး ဓါးပြတွေ ပါလား
အောင်သူရသည် သူ့လေးအစွမ်းကိုပြ-ကာ-မြားများကို သီချွှတ်လိုက်သကဲ့သို့ မြားတစ်စင်း လူတယောက်ကျ-တရစ်အပြတ် ဖြိုခွင်းလိုက်လေသည်၊
မြားလေးသယ် ကိုးစင်းစလုံးကုန် ပြီ-
ဟင်-ဒီလိုဆို သူခိုးဓါးပြတွေဟာ လေးသယ်ကိုးယောက် တောင်သေပြီပေါ့
၉




ဟား-ဟား ဟား-ဟါး...
ငါတယောက် ကျန်သေးတယ်ကွ ဟားဟား
ဟားဟား-ခိုးသား ငါးဆယ်မှာ-ငါဟာ ဗိုလ်ဘဲ.. ဗိုလ်ကျား ကွ
အမယ်လေး ပါးသိုင်းမွေးတွေနဲ့ ရုပ်ဆိုးကြီးကလဲ ကားကား-ယားယား အသဲယားစရာကြီး
မိမာယာသည် ဗိုလ်ကျားကိုမြင် မြင်ခြင်းစိတ်လှုပ် ရှားသွားသည်။
ချက်ခြင်းပင်ဗိုလ်ကျားသည် အောင်သူရအားခုန်အုပ်လိုက်ရာ...
၁၀


သူတို့သည်သာတပြန်ကျား
တပြန်သတ်ပုတ်နေကြစဉ်--
မိမာယာသည်အောင်သူရကို
ကြည့်လိုက်မိုလ်ကျားကိုကြည့်
လိုက်နှင့်စိတ်ရှုပ်ရှားနေ၏။
ချက်ခြင်းပင်သူ့အသင့်ဆောင်ထားသောဓါးကို-ယောကျ်ား
နှစ်ဦးကြားကမ်းပေးလိုက်ရာ-အောင်သူရသည်-မိမာယာ၏
အပြုအမူကို-လှမ်းအကြည့်--
အလွန်လျင်သော-မိုလ်ကျားသည်ဓါးကိုဆွဲယူလိုက်ပြီး..
အောင်သူရကို ထိုးနှက်လိုက်လေသည်။
ဟယ်-မိမာယာ
မင်းရဲ့သူခိုးဓါးရိုး
ကမ်းမှုကြောင့်
ငါ့မှာမယားထိ
ဓါးကြည့်လို့မကြိမ်း
ထိုးနိုင်တော့ဘဲ
၉




အခု-မယားကြည့်
ဓါးထိပြီ-မိမာယာ
မိုလ်ကျားကားအောင်ပွဲကိုသာ
အနိုင်ရသည်သာမက-မယားကို
ပင်အပိုင်ရလိုက်လေသည်။
မိုလ်ကျားသည်-မိမာယာကိုခေါ်ခဲ့ရာ-မြစ်ကမ်းတခုသို့
ရောက်သော်အနားယူကြလေသည်။
မင်းလုပ်လိုက်တာ
သူခိုးဓါးရိုးကမ်း
ဆိုတဲ့စကားပုံတခု
တွင်ရစ်ပြီ..
ဒါနဲ့-မင်းသားလို
နန်းသွန့်နန်းလျာကို
ဓါးရိုးမကမ်းဘဲ..
ဘာဖြစ်လို့ငါ့လို..
သူခိုးကိုမှ-ဓါးရိုး
ကမ်းရသလဲ---
ဒါတော့-ဟောဒီက
မောင်မောင့်ကို..
မို့ချစ်လို့ပေါ့..
၁၀


မောင်မောင်က
ရင်အုပ်ကြီးကားကား
ကျားကျားယားယား
ကြီးမို့
မိုလ်ကျားသည်-မိဖယာ၏
အပြောကိုလေးလေးနက်နက်
ခံယူလျက်ရှိ၏။
မြစ်ကြီးကသိပ်
ကျယ်တာဘဲနော်
မိဖာတော့ဟောဒီ
မောင်မောင်နဲ့မခွဲ
နိုင်ပါဘူး
၁၀ ချစ်သူနှစ်ဦးကား ကြည်နူးလျက်ရှိကြသည်။




ကဲ-အချိန်ရှိတုန်း
ရှိပဲ့ဘက်ကမ်း
ကူးကြစို့-ရေကတော့
အတော်စီး
တယ်
နေဦး-ရေတိမ်
တနေက်သိရအောင်
ငါအရင်ဆင်းကြည့်
အုံးမယ်
မောင်ရှိရင်တော့
ဟိုဘက်ကမ်းကို
ကူးနိုင်မယ်
ရေလှိုင်းတယ်
ရေစီးလဲကြမ်း
တယ်..
မသင်းနဲ့နော်
မြောပါသွား
လိမ့်မယ်..
ဟုတ်ပါသည်-ရေစီးကား
၁၁ အလွန်ကြမ်းလှသည်။


မိုလ်ကျွန်းကားမြစ်လယ်သို့ကူးသွားကါ-ပြန်မလာတော့ဘဲ-
တဘက်ကမ်းသို့လက်ပစ်ကူးနေတော့ရာ...
ဟင်-မောင်မောင် ဒါဘာလုပ်တာလဲ- ပြန်လာခဲ့လေ-
မောင်မောင်-ကျမကို ခေါ်အုံးလေ-ခေါ်ပါအုံး မောင်မောင်ရဲ့---
ဟယ်-လင်အပေါ် သစ္စာမရှိသော မိန်းမယုတ်--
မိမာယာမျာများရှိနေတော့သည်။
နင်ဟာ-နန်းသွန့် နန်းလျာမင်းသားကိုပင် သေစေခဲ့လျှင်-ငါလို သူခိုး-ဓါးပြကိုလဲ
တနေ့ကျရင်-- သတ်မဲ့မိန်းမယုတ် နင့်ကိုငါစွန့်ပစ် ခဲ့ပြီ--
မိမာယာခမြာ တဦးတည်းကျန်ရစ် ခဲ့တော့၏။
၁၃




ထိုစဉ်အသားတုံးကိုကိုက်ချီလာသောမြေခွေးတကောင်ကို
တွေ့မြင်လေ၏။ထိုမြေခွေးသည်ကမ်းပေါ်သို့ငါးတကောင်
ခုန်တက်လာသည်ကိုတွေ့ရာ...
အသားတုံးကိုချပြီး-ငါးကိုလိုက်ဖမ်းသော်-ငါးလည်းရေထဲ
သို့ပြန်၍ခုန်ဆင်းသွားလေ၏
ငါးကိုလက်လွှတ်သွားသောအခါ သူ့အသားတုံးရှိရာသို့ပြန်အလာ စွန်တကောင်ကအသားတုံးကို လုယူ၍ထိုးသုတ်သွားပြန်ရာ---
မြေခွေးခမြာ-ငါးလည်းဆုံး-အသား
တုံးလည်းဆုံး၍ရှုံးရှာလေသည်။
၁၄


ကျွဲ့အဖြစ်အယောက်ကိုမြင်သော မိုးမယာမှာ-ငှီအားထက်
ရယ်ဒအားသန်ကာ-
ဒီမြေခွေးနှယ် အမှုစဉ်းစားဉာဏ် မရှိပါလား.. ဟားဟား..
ဟင်-ငါလဲ ဒီမြေခွေးလို ပါဘဲလား
မြေခွေးယုတ် နင်ကငါ့ကိုသရော် တယ်ပေါ်လေ..




ချစ်သောမောင်မောင်ရဲ့ ပြန်လာခဲ့ပါ-အို-ချစ်သော မောင်မောင်..
ချစ်သောမောင်မောင်ကား သူ့အားကျောခိုင်း၍ သွားလေပြီ.
နောက်ဆုံးတွင်ကား... သောင်ပြင်၌တစ်ယောက်တည်း ငိုကြွေး၍-
မိုးမယာ-တကိုယ်တည်းမှာ..လင်တရုးကြီးပမာ ဖြစ်ခါ--တော်သိမ်း....ပြီ။ ။
ချစ်သော မောင်မောင်
ချစ်သော မောင်မောင်
ချစ်သော မောင်မောင်
၁၆ ပြီး
ကာမေသုမိစ္ဆာစာရကံ၏အကျိုးအပြစ်-အတွက်-ရှုဋ္ဌမှုဇ္ဈဟာ-ဇာတ်ကိုမြီးပါသည်။

မုသာဝါဒါ

## ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ

မှသားစကား၊ ပြောဆိုငြားမူ၊
စကားမပီ၊ သွားမညီတည့်၊
ပုပ်သိုပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊
ကြွေနောက်၊ ပုံယွင်းဖောက်၏၊
မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊
လျှပ်ပေါ်လော်လီ၊ စိတ်မတည်ရာ၊
ပြစ်များစွာသည်၊
ရှောင်ခါအပြန် အကျိုးတည်း။ ။




ဆေးဆရာကြီး ဦးဓါတ်ပေါက်။ "သူ့ဆေးကုရာတွင် ဓါတ်ပေါက်သည်" ဖြေပေါက်ရာတွင် သူ့ဓါတ်လုံးကြီးနှင့် ① ကုသော်အလွန်ပေါက်ပေါက်ရောက်ရောက်ရှိလှသည်။



ကာတွန်း ဦးဖေသိန်း


အမယ်လေး
လာကြပါအုံး
အတင်း
ဖိပါဟဲ့
ဟယ်-ဖယ်
ရှောင်ကြ-ရှားကြ
မြွေကိုက်လို့
မဟုတ်လား




ပါးစပ်ပုပ်ကြီးနဲ့
မပြောနဲ့-သွားစမ်း
ဟဲ့


မကြာမီသူသည်ရွာကြီးတရွာသို့ရောက်လာလေသည်။
ဟိုဒေါင်းပင် အောက်မှာကလေးတွေ ကစားနေကြပါလား
သူသည်ဒေါင်းခေါင်းကြီးကို ရှုစိုက်၍ကြည့်လိုက်၏။
အလို-ဒေါင်းခေါင်း ထဲမှာမြွေဟောက်ရှိ နေတယ်
အဲဒါ ငါ့အတွက် အကွက်ဘဲ
ဟိုကောင်လေးဟာ သူဌေးသားဖြစ်ရမယ် သူ့ကိုမြွေပေါက် စေရင်တော့...
ကုဋေရှစ်ဆယ် သူဌေးသားကွ
ဟိုး-ဟိုး-သူဌေး ကြီး-က-ငါတောင်း သလောက်ပေးမှာ ဘဲ
၄




ဟေး-ကလေးတို့ ဒေါင်းခေါင်းထဲက ဖရက်ကို-မင်းတို့ မဖမ်းချင်ကြ ဘူးလား
ဖရက်လား ကျုပ်ဖမ်းမယ်
သူဌေးသားသည်ဒေါင်းပင်ပေါ်ခုန်တက်ကာဒေါင်းခေါင်း ထဲသို့လက်ရဲဇက်ရဲ-ဖတ်ကနဲဖမ်းယူလိုက်သည်တွင်···
အမိဖမ်း ဟေ့
အိပ်နေသောမြွေဟောက်ကြီးမှာလည်ပင်းကိုမိမိ-ဂဂ- ဆုပ်ကိုင်မိသွားဖြစ်နေလေသည်။
ဟာ မြွေကြီး ကွ
၅


သူဌေးသားသည် ချက်ခြင်းပင်မြွေကြီးကို-အဟုန်ဖြင့်
အောက်သို့လွှတ်ပစ်လိုက်ရာ...
မြွေကြီးသည်
အမှတ်မထင်
ဆရာကြီးပေါ်သို့
ကျကာ...
သူ၏လည်ပင်းကိုရစ်ပတ်မိပြီး
၎ငယ်ထိပ်ကိုပေါက်ထည့်လိုက်လေ၏။




ကလေးတို့လည်းအော်ဟစ်ပြေးလွှားကြသောကြောင့်--
ဆရာကြီးကို
မြွေပေါက်လို့ဟို့
မကြာမီလူအများစိုင်းအုံလာကြလေသော်-
ဟေး--ဘာဖြစ်
တာလဲ..
ဒီဆရာကြီးဟာ
ဖောင်းခေါင်းထဲကမြွေကို
ရောက်လို့-လိမ်ပြောပြီး
ကျွန်တော့်ကိုဖမ်း
ခေပါတယ်.
၇






**သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ**
**ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ**

သေရည်သောက်လင့်၊ သင့်မသင့်ဒွိ၊
ရေးခွင့်မသိ၊ ပျင်းရိမေ့ရူး၊
ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း
ခပင်းများထို၊ အကုသိုလ်ကို
မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်
ရှောင်ခါအပြန် အကျိုးတည်း။ ။


သားရွှေအိုး
တမ်းလာပြီ
ဗျ...


"ရှေးသရောအခါ၊ ပြည်မာရာဝယ်၊ ကုဋေကြွယ်သား၊
သူဌေးသားလျှင်၊ သားတစ်ယောက်ဖြစ်ချစ်ရှာတာပေ၊
အိမ်မှာနေရှ၊ စာပေမကျ"--- ဟူသကဲ့သို့ပင် ---
မေမေ့
သားကလေး
ချစ်တာ..
မေမေ့
သားချော
ပါ..
တစ်ခါက မာရာတာသီပြည်တွင် ကုဋေလေးဆယ်ကြွယ်ဝ
သောသူဌေးကြီးတွင် တစ်ဦးတည်းသောသားရှိလေ၏။
သားကဂီတ
ဝါသနာအိုး
တော့...
သူဌေးကြီးလင်မယားသည်
သားကိုအလွန်အလိုလိုက်ကာ
ပညာမသင်ကြားစေပဲ၊ သူဌေး
သားမှာမိဘ၏ပစ္စည်းဥစ္စာကို
သုံးဖြုန်းရှိသာနေ၏။ —


အမြင်မတော်သူများက သတိပေးကြသည်။
ဒီမှာသူဌေးကြီး အိုးကောင်းလို့ နာနာခတ် ဆိုသလို----
သားသမီးကောင်း ဖြစ်စေလိုယင် နာနာကလေးရိုက်ပြီး ဆုံးမရတယ်---
ပညာရွှေအိုး လူမခိုး--တဲ့ဗျ မိဘတိုင်း သားရွှေအိုး ထမ်းလာတာကိုပဲ မြင်ချင်ကြတယ်
ဘာ--
ကျုပ်တို့သားက ရွှေအိုးထမ်းလာစရာ မလိုဘူး၊ အိမ်မှာ ရွှေအိုးတွေအများကြီး
ကျုပ်သားတသက် ဖြုန်းလို့မကုန်ဘူး
၃




သို့နှင့်--"သားတယောက်ဖြစ်၊ ချစ်၍တမေ့ အိမ်မှာနေ၍ စာပေမကျ မိဘစုတေ့ ခန္ဓာရှေ့သော်--"
သူဌေးသားကားတကောင် ကြွက်အဖြစ်ကျန်ရစ်ခဲ့၏
ငါ့အဖေက-ကုဋေ လေးဆယ်သူဌေး ငါက ကုဋေရှစ်ဆယ် သူဌေးသား--ဟားဟား
--"အရှေ့အနောက်-တောင်မြောက်ဘယ်မှာ-မသိပါပြီး သူဌေးသားသည်"--
ဟေး-- သားရွှေအိုး ထမ်းလာဖို့မလိုဘူး-- အရက်အိုးထမ်းဖို့ လိုတယ်ကွ--
အပေါင်းအသင်းများနှင့်သောက်စားမူးယစ်ကာ
၄ မိန်းမလိုက်စားပျော်ပါး၍သာ နေလေသည်။


မကြာမီ-"သိုထားမတတ်၊အရုပ်
ရုပ်ဆိုး၍နံ့အပ်ဥစ္စာရှိသည့်ငါ့ကို၊
များစွာကျွန်ပေါင်း၊မကောင်းဆိုးသူ
ယူ၍ပြေးရှောင်း"-ဆိုသကဲ့သို့-
ပစ္စည်းအားလုံးကုန်လေတော့၏။
နောက်ဆုံးတွင်-အိမ်ကို
ရောင်း၍၊ဆောင်းဆောင်း
ကြေညျက်၊ခွက်လက်ဆွဲကာ
တောင်းစားပါလည်း"--
ကျွန်တော့်မှာ
ရေတအိုးမှီးတပေါက်
သောက်တော့ရေအိုးခင်
နေတော့ရုပ်"-မှာပါ
သနားကြပါ..
လည်ပင်းအိုးဆွဲ
ရေထဲဆင်းသေ
ပါလား---
(၅)
လူအများ-အော့နှလုံးနာကြသည်။




တညတွင်သရွေ့ေသားသူတောင်းစားသည်
ဇရပ်ပေါ်၌အိပ်နေစဉ်-သိကြားဖြစ်၏..
ငါ့သား-ငါကား-သင့်ဖခင်ဒေဝါသိကြားရှက်----
ငါ့သား၏ဖြစ်အင်ကိုဖခင်မကြည့်ရှုက်
ငါ့သားကိုသနားလှ၏-
ရော့..လိုတရအိုး..
အလွန်ဆန်းကြယ်သောဖြစ်ရပ်နှင့်ကြုံတွေ့လေသည်။
ကျွဲအိုးထဲမှသားလိုသလို
ရှိက်သုံးလော့-
ဘယ်တော့မှမကုန်နိုင်
မခန်းနိုင်တဲ့
လိုတရအိုး
မကျွဲစေနှင့်
မကျွဲစေနှင့်
မကျွဲစေနှင့်
မကျွဲစေနှင့်
(၆)
အင်း--ငါ့ဖခင်မှာ--
ကြွယ်လွန်ပြီးအခုသိကြား
ဖြစ်နေလို့ငါ့ကိုယ,တာပဲ
လိုတရအိုးတဲ့..


နောက်တနေ့မိုးလင်းသော်
ဟေး-သူငယ်ချင်းတို့ အပေါင်းအသင်းတို့ သရေ့းသားရွှေအိုး ထမ်းလာပြီကွ--
ခွေးသူတောင်းစား ရူးနေပြီ-မင်းဟာက မြေအိုးကြီး--
ငါမရူးဘူးကွ ဟောဒါဘာအိုးလဲ သိလား
မင်းအိုးက အိုးကွဲကြီး--
ကောက်ရိုးနဲ့လဲ အိုးကွဲသာရှိတဲ့ မင်းကောက်ရိုးပုံက ရလာတာမဟုတ် လား---




ဘာလဲ-အရက် အိုးလား-ထန်းရည် အိုးလား-ထန်းလျက် အိုးလား---
ထန်းလျက် အိုးဆိုယင်-ကရင် ထန်းလျက်အိုးတွေ့ တာပဲဟေ့--
ဟေး-မနောက်နဲ့ကွ ဒီအိုးဘာအိုးလဲ--ကဲ- "ပိဋကတ်အိုးကွဲ"တွေ ပြောကြစမ်း--
အော-အိုးကိုသုတေသန လုပ်ပြီးပြောရယင်-အင်း "မဖုတ်သေးသည့်အိုး ကျိုးလွယ်"ဆိုသလို--
"အိုးတော်လှ၍ ဖုတ်ယင်း မကျက်သည့်အိုး ရှိသလို "အိုးသည် အိုးကောင်း မသုံးရ" ဆိုတော့--


ဟေ့-- မင်းက မပြည့်တဲ့အိုး ဘောင်ဘင်ခတ် နေပြန်ပြီ...
အမေရိုးရှယ်- ဟင်းအိုးမှာအားမနာ "အိုးတန်ဆန်ခတ်" "သူ့အိုးနဲ့သူ့ဆန်တန်ရုံ" ပြောရတယ်..
ဆင်ဖြူတော်ပြတ်စား ချင်ပေမယ့်အိုးရှိဖွဲ့ အား-- အမိုးနည်း အိုးကွဲနဲ့တွေ့တတ်တို့..
အိုးကောင်းရေခပ် ဆိုတော့ကောင်းမှကောင်း ဝယ်ကြည့်ချင်တယ် ပေးဝယ်---
၉




ပေးပေး-မပေး နိုင်ဘူး... ငါ့အိုး ကွဲမှာစိုးရတယ်..
ကဲ-ငါမျက်လှည့်ပြမယ် ဒီမှာကြည့်ကြ-အိုးထဲမှာ ဘာမှမရှိဘူး--- ငါနိုက်ပြမယ်—
တွေ့လား-ဟောဒီမှာ ရွှေဒင်္ဂါးတွေ-အဲဒါ "မတူးပဲနဲ့ရွှေအိုးရ" ဆိုတဲ့ လိုတရ ရွှေအိုးကွ---
အဲဒီအိုး မင်းဘယ်ကရလာ တာလဲ- "ကြက်ကန်း ဆန်အိုးတိုး"-လာ တာလား--
အံ့ဩစရာ ပါပဲဗျာ
၁၀




ထိုနေ့မှစ၍ ယင်းငွေသားအပေါင်းအသင်းများကားလိုတရ
အိုးမှလိုတိုင်းရနေသောကြောင့် သုံးမကုန်·ဖြုန်းမကုန်။
ယခင်အတိုင်းနေ့စဉ်မူးယစ်ပျော်ပါးနေကြလေသည်။






တနေ့တွင်









၁၃ သူတို့စားပွဲသောက်ပွဲကား-ရန်ပွဲကြီးဖြစ်သွားသည်။






ဟုတ်ပြီ၊ ဖြီးတော့
ခေါင်းတလုံးတည်းနဲ့
အိုးနှစ်လုံးမရွက်နိုင်တဲ့
ဘာဖြစ်လို့မရွက်
နိုင်ရမှာလဲ...
လိုတရအိုးပေါ်
အရက်အိုးဆင့်ပြီး
ရွက်ကပေါ့ကွ...
သူဌေးသားသည်ရူးရူး
ရူးရူးနှင့် ခေါင်းပေါ်
အိုးနှစ်လုံးရွက်က၍---
၁၅
အိုးနှစ်လုံးစလုံးကျကွဲသွားလေ၏။




အိုးကွဲကိုချိုပ်နဲ့
ဖါရတယ်ကွ
အိုးကွဲကလေးကိုကောက်ကိုင်လိုက်
သည်နှင့်-အစိတ်စိတ်အမြွာမြွာ
ကွဲသွားလေတော့သည်။
အိုးကွဲ ချိုပ်ဖါ
ချိုပ်ဖိုးကသော်တဲ့
ရပါ့မလား...
အမယ်လေး/
သွားပါပြီ...
ကုန်ပါပြီ
ထိုနေ့ထိုရက်မှစ၍သူဌေးသားသည်သူတောင်းစားဘဝသို့
ပြန်ရောက်ပြီး...ခွက်လက်ဆွဲကာ တောင်းစားပါလေသည်...
နှင်သာလူမိုက်၊ ဒုစရိုက်ပဲ့၊ ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်ပေ
၁၆ တောမှာသေသည်၊ တောင်သောလင်းတာကျွေးစာတည်း။

## ငါးပါးသီလ ကိုယ်ချင်းစာအကျိုး

၁။ ပါဏာတိပါတ သိက္ခာပုဒ်ကို စောင့်ထိန်းခြင်းအားဖြင့် သတ္တဝါများအား အသက်ရှည်ရေးနှင့် ကျန်းမာရေးကို အကူအညီပေးရာ ရောက်ပါသည်။

၂။ အဒိန္နာဒါန သိက္ခာပုဒ်ကို စောင့်ထိန်းခြင်းအားဖြင့် သတ္တဝါများအား စီးပွားရေးနှင့် စိတ်ချမ်းသာရေးကို အကူအညီပေးရာ ရောက်ပါသည်။

၃။ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို စောင့်ထိန်းခြင်းအားဖြင့် သတ္တဝါများအား သားရေးသမီးရေးနှင့် အိမ်ထောင်ရေးကို အကူအညီပေးရာ ရောက်ပါသည်။

၄။ မုသာဝါဒ သိက္ခာပုဒ်ကို စောင့်ထိန်းခြင်းအားဖြင့် သတ္တဝါများအား သစ္စာစကားဖြင့် အကူအညီပေးရာ ရောက်ပါသည်။

၅။ သုရာမေရယ သိက္ခာပုဒ်ကို စောင့်ထိန်းခြင်းအားဖြင့် သတ္တဝါများအား ကိုယ်ယဉ်ကျေးမှု နှုတ်ယဉ်ကျေးမှုဖြင့် အကူအညီပေးရာ ရောက်ပါသည်။

[မင်္ဂလာဗျူဟာ နှစ်ပတ်လည် စာစောင်မှ–]



တခါက မြစ်ပြင်ကျယ်ကြီးအလယ်တွင် ကျွန်းကြီးတကျွန်း ရှိ၏။ ကျွန်းဟုဆိုသော်လည်း ရေနည်းပါးသောအခါ တောကြီးနှင့်တဆက်တည်း ဖြစ်သွားလေသည်။








ရေကြီးချိန်တွင်မူကား ရေပတ်လည်ဝိုင်းလျက်ရှိသော ကျွန်းမြေကို ကျွန်းဟုခေါ်သည်ဆိုသော တကယ့်ကျွန်းကြီး ပမာ ထင်ရှားစွာဖြစ်ပေါ်နေ၏။








④ သူသည်ကျောက်ဖျာထက်သို့ရောက်သောအခါ..
အနားယူယင်းမှေးစက်နေလေသည်။






အဘယ်ကြောင့်ဆိုသော်......
⑤ ရေပတ်လည်ဝိုင်းနေသောကြောင့်ဖြစ်၏။




သစ်ကျုတ်ကားစိတ်ကောင်း
မွေးကာသီလစောင့်ထိန်း၍
နေလိုက်လေသည်




ဤအချိန်တွင်သစ်ကျုတ်၏အဖြစ်ကိုသစ်ပင်စောင့်
နတ်ကမြင်တွေ့လေသော်....









မကြာမီသစ်ပင်စောင့်နတ်သည်ဆိတ်အသွင်ဖြင့်---
သစ်ကျုတ်၏သီလကိုစမ်းလေတော့သည်---




သစ်ကျုတ်သည်ဆိတ်ကိုမြင်သည်နှင့်လိုက်ဖမ်းတော့၏။




# သီလာနုဿတိ ဘာဝနာ ပွားပုံ

အစ၌လည်းကောင်း၊ အဆုံး၌လည်းကောင်း တစ်ခုမျှမပျက်သောကြောင့် ကျိုးခြင်း၊ ပြတ်ခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းလေစွတကား။

အလယ်၌ တစ်ခုမျှမပျက်သောကြောင့် ပေါက်ခြင်း၊ ထွင်းခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းလေစွတကား။

အစဉ်အတိုင်း နှစ်ခု, သုံးခု မပျက်သောကြောင့် ကြောင်ခြင်း၊ ကျားခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းလေစွတကား။

အကြားအကြား၌ တစ်ခုမျှ မပျက်သောကြောင့် ပြောက်ခြင်း၊ ကွက်ခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းလေစွတကား။

မေထုန်ငယ် ခုနစ်ပါးတို့သည်လည်းကောင်း၊ အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း စသော ယုတ်မာသောတရားတို့သည်လည်းကောင်း မနှိပ်စက်အပ်သောကြောင့် ကျိုးပြတ်ခြင်း မရှိ၊ ပေါက်ထွင်းခြင်း မရှိ၊ ကြောင်ကျားခြင်းမရှိ၊ ပြောက်ကွက်ခြင်းမရှိသော ငါ၏သီလတို့သည် ကောင်းလေစွတကား။

တဏှာ၏ ကျွန်အဖြစ်မှ လွတ်စေ၍ တော်မှန်ကောင်းမြတ်သော သူ၏ အဖြစ်ကို ပြုတတ်သော ငါ၏သီလတို့သည် ကောင်းလေစွတကား။

ဘုရား အစရှိသော ပညာရှိတို့ ချီးမွမ်းအပ်သော ငါ၏ သီလတို့သည် ကောင်းလေစွတကား။






အလွန်ဆာလောင်မွတ်သိပ်နေသောခွေးများကား
တဝုန်းဝုန်း-တဝုတ်ဝုတ်-တဝူးဝူးနှင့်ဆူဆူညံညံ
ဟောင်နေကြသည်။



ဖြေကာမှီ- ချည်နှောင်ထားသော
ကြိုးများမှ-လွတ်ထွက်သွားရာ----



သူတို့ရန်ဖူနေသောနေရာသို့
② တရှိန်ထိုးခုန်အုပ်ကြလေ----


ဝါဝါနှင့်မဲမဲကြီးအား-သဲသဲမဲမဲ
အတင်းဝင်ခဲကာ-ကိုက်ကြလေသည်။
နောက်ဆုံးတွင်-အမဲဖျက်သလို-
ကိုက်ဖျက်ကာဝမ်းဗိုက်တွင်းရှိ-
အသွေး-အသားနှင့်အရိုးများအဝမ်းမရ
စားသောက်ကြလေသည်။
၃




ဟားဟား
ငါ့ခွေးတွေ
အတော်ဟန်
နေပြီ
ခွေးတို့သည်အသံကြားရာ
ဆီသို့ကြည့်ပြီးအမြီးနှံ့ကာ
အလွန်ကျေနပ်နေကြ၏။
နောင်ကို
သည့်ထက်ကောင်း
တာတွေ-မင်းတို့
စားရမယ်
ခွေးတို့၏-အရှင်သခင်သည်-
ခွေးများအားအစာငတ်ထားကာ-
ဝါဝါနဲ့မဲမဲ
မြင်တိုင်း-အတင်း
ဝင်ကိုက်ကြ
ခဲ့ကြ
နောက်တရက်နှစ်ရက်ခန့်ကြာမှ-
ကျွဲဝါဝါနှင့်မဲမဲရှိသူအားကိုက်ခဲ
၄ စားသောက်စေလေသည်။


ကျွဲဝါဝါနှင့်ယဲယဲကြီးကား-စာချောက်
ရုပ်ကြီးဖြစ်ကာ-အတွင်း၌သားကောင်၏
အရိုးအသားများကိုရှက်ထားခြင်းဖြစ်၏။
အိုးယဲယဲနှင့်ဝါကာတာအဝတ်ကြီးကား--
ခွေးတို့အားမျက်စိ
နှောက်စရာ—။
နှောက်ဆုံးတွင်-အယိန့်ပေးရန်မလို၊
ထိုအရုပ်ကြီးကိုလက်ညှိုးညွှန်ပြလိုက်ရုံ
နှင့်ပင်-အတင်းခုန်အုပ်၍အမဲဖျက်
လေတော့သည်။
ထိုမျှလျှို့ဝှက်ဆန်းကျယ်သောအဖြစ်ကို
၅ အဘယ်ကြောင့်-ဖန်တီးနေသနည်း။




ခွေးများ၏အရှင်သခင်ကား-မုဆိုး-ငမိုးဖြစ်သည်။
သူသည်-ယခင်က-သူ့ခွေးများနှင့်အတူအမဲပစ်
ထွက်တိုင်း-ထွက်တိုင်း
သားကောင်အမျိုးမျိုးရသောကြောင့်
၆ အလွန်အဆင်ပြေလျက်ရှိသည်။

လွန်ခဲ့သောနှစ်လလောက်က-သူသည်အမဲပစ်ထွက်စဉ်-ရဟန်းတပါးနှင့်တွေ့လေသည်။











သူတို့သည်-နေရာကောင်းယူ၍အကွက်ကောင်းမှ
၉ ရဟန်းအလာကိုစောင့်စားနေကြသည်။






လေကျင့်ထားသောခွေးများကား-ဝါဝါနှင့်ဖဲဖဲကို
မြင်သည်နှင့်တရှူးရှူးလိုက်ကြလေရာ--
အလို--
ဘုရား
ဘုရား
ခွေးခွေး
ခွေးတွေပါ
ကလား
ရဟန်းလည်းနီးရာသစ်ပင်ပေါ်သို့
တက်ရန်ကြိုးစားလေသည်။
၁၁




ရဟန်းသည်သစ်ပင်ပေါ်သို့
ပြေးအတက်-သူ၏ခြေထောက်မှာ
ခွေး၏အစွယ်နှင့်ယလွတ်တလွတ်-
ဟပ်မိသွားရာ-သင်္ကန်းသည်-ခွေး
ချင်းချင်းနီရဲသွားလေသည်။
အို!
ရဟန်းသည်
သစ်ကိုင်းကိုမြဲမြဲ
ဆုပ်ကိုင်ထားရင်း
စဉ်းစားမိသည်။
ငါသည်သစ်ပင်
တက်မိသောကြောင့်
အာပတ်သင့်နေ
ပြီလော
ဘေးရန်တွေက
လက်တဖေါင်ရှိသော
အမြင့်ကိုတက်နိုင်
တယ်လို့ခွင့်ပြု
ထားသား ပဲ-
၁၂


ရဟန်း၏ဖြစ်အောင်ကိုသဘောကျ
နေသူမှာ-မုဆိုးငမိုးပင်။
ဟီး-ဟီး
သစ်ပင်ပေါ်က
ကျတာနဲ့တခါတဲ
မသာဖြစ်ပြီး
သွား ပဲ-
သွေးဆာနေသောခွေးများကား
သစ်ပင်အောက်မှခုန်၍ခုန်၍
ဟပ်ချက်…။
မုဆိုးငမိုးသည်သစ်ပင်အောက်ရှိ
ရဟန်း၏သပိတ်ကိုကောက်ယူ
လိုက်သည်။
ဟဲ-ဟဲ
ဆောပတ်ထမင်း
တွေပါလား
မွှေးလိုက်
တာ
၁၃




ထိုစဉ်ရဟန်း၏မနိုင်
မနင်းဖြစ်နေသော
သင်္ကန်းမှာအောက်သို့
လွင့်ကျလာပြီး–
ငါတော့
သင်္ကန်းမနိုင်
မနင်းနဲ့…
လျှပ်တပြက်အတွင်း…
မုဆိုးငမိုးပေါ်သို့လွှမ်းခြုံပြီးသား
ဖြစ်သွားသည်တွင်--အဖြစ်
အပျက်မှာမြန်လွန်းလှသဖြင့်
၁၄









၁၆ ကောက ခွေးမုဆိုး
ဓမ္မပဒဝတ္ထုကိုမှီးပါသည်။



ဒဲ့ဆောက်ဘုရားပေါက်ပေါက်မှ၏ မင်းအာခေါက်ခေါက်
ဂဠုန် အမိန့်တော် မြန်တယ်ကို ခင်တော်ဖြင့်
လေးရှည်လေးပြင်လှည့်လည်ပြီ ဒီ.ပီ.သိမ်းလ စောင့်ထိန်း
ရန် နိုးထလေ့ရှိသည်။

# ဦးပညာသာမိ (ဓာဂရိ၊ သာစည်)

ဝါကြည့်တိုက်မှူး။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

ထုပ်နေအုံး ဝါကြည့်ပိဋကတိုက်

ဇမ္ဗူဒီပကျောင်းဆောင်၊ ကမ္ဘာအေး၊ ရန်ကုန်(ဖုန်း-၆၀၁၄၉)။

စာအမှတ်..............      နေ့စွဲ ၃.၁၂.၉၀

သာသနာရေး ဦးစီးဌာန ယဉ်ကျေးမှု
သင်တန်း အနေဖြင့် လျှောက်လွှာများ အာသာ
ယဉ်ကျေးမှု အမြဲတစေ ထိန်း နိုးဝပ်စေရန်
ဗုဒ္ဓဘာသာ နှင့် သက်ဆိုင်သော အဂါတော်ရေး ကြီး
များကို ၁.လ ကျော် ၁.ကြိမ် လမ်းညွှန်ရေး တိုင်း
ကျင်း ပမြဲ လုပ်ပေးပါသည်။

ယခု အဂါတော်ရေး များ အနက်
၁၃၄၉.၃၅ တော်သလင်း လပြည့် ဂဠုန်မှ
အဂါတော်ရေးတွင် သင်တန်းသား များ
စိတ်ဝင်စားစေရန် ရှေးဟောင်း ပန်းချီဆရာကြီး
များ၏ ဒီ.ပီ.သိမ်းလ ပန်းချီကားကြီး များ နှင့်
ယခုခေတ် ကာတွန်း ဆရာကြီး များ၏
ဒီ.ပီ.သိမ်းလ ရုပ်ပြ ကာတွန်း များကိုလည်း
ပြသပေးပါသည်။

ယခု ဦးမေသိန်း ၏ ဒုတိယ အကြိမ်
ထုတ်ဝေသော ဒီ.ပီ.သိမ်းလ ကာတွန်း စာအုပ်တွင်
၁၃၄၉.၃၅ က ပြသ ခဲ့သော ဒီ.ပီ.သိမ်းလ
ကာတွန်းပုံ များကို ထည့်သွင်း ဖော်ပြပေး၍
ဆရာတော်နှင့် တကွ ကျိသင်တန်း ကြီး မှ
ကျေးဇူးတင် ဝမ်းမြောက် ပါကြောင်း။

ဆရာတော် ဓာဂရိ

ဦးပညာသာမိ (ဓာဂရိ၊ ထွာစည်)
သင်ထန်းနည်းပြဆရာတော်
အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေး၊ ရန်ကုန်




ပါဏာတိပါတ်
အသက်သတ်ကြ....
တရားဥပဒေ
ပုဒ်မ ....
ဟား..ဟား
သူကျတော့
သေမှာကြောက်
လိုက်တာ..


အဒိန္နာဒါနာ
ဆိုးမိပါရှ....
ကျုပ်
မဆိုးတတ်
ပါဘူးဗျာ
အလွဲသုံးစား
လောဘ
တို့
ရှိုက်
လစ်
အတော်
မြန်တဲ့..
လက်


မိဿာစာရ...
ကျူးလွန်ကရှ...
ဪ..
ဗုဒ္ဓကြီးတွေရဲ့
ဒု·သ·န·သော·နဲ့
ကမယော့..


မုသားစကား
ဆိုမိကြားမှု...
တိုးတိုးလေး
ပြောမယ်နော်
နော်-နော်-နော်..


သုရာမေရယ
မူးယစ်ကြမှု...
ရေနစ်၍သေရသော
မသာထက်-ပုလင်းနစ်၍
သေရသော-မသာက...
ပိုများသည်။
အဆိပ်ကြောင့်
သေရခြင်းထက်
မူးယစ်ဆေးကြောင့်
သေရခြင်းက
ပိုများသည်။


ပါးပါး လှီးမယ်
များများ ခိုးမယ်
ဘာသော ညာသော ဒု·သ·နု·သော
ယုံအောင် ဖြီးပြမယ်
သီလငါးပါး
မရှိကြားက
အမှားယနေ့—
လက်ငင်းတွေ့အုံ ။


ကာယ ဗလ
ဉာဏ ဗလ
စာရိတ္တ ဗလ
ဘောဂ ဗလ
မိတ္တ ဗလ
သီလငါးပါး
မြဲတဲ့ကြားက
ငါးပါးဗလ
လက်တွေ့ရ၏


လူတွေအားလုံး ငါးပါးသီလ မြဲကုန်ကြရင်--
ငါတော့ထမင်း ငတ်ရချည်ရဲ့-
မပူပါနဲ့ မင်းသာငါးပါးသီလ မြဲရင်မင်းကိုထမင်း ကျွေးမယ့်လူချည်းပဲ-


ပါဏာတိပါတာ-- ကံခို၊ စရုရှိကြလာတဲ့ မင်းအတွက်---
အခင်းသိန့် ပဲဗျော့--!



"ပါဏာတိပါတာ" သူ၏ အသက်သတ်ခြင်းကို
ကိုယ်ချင်းစာစိတ်ထားဖြင့် ရှောင်ကြဉ်နိုင်ကြပါစေကုန်...။






ကလေးတို့ရေ ခိုးတတ်တဲ့
အကျင့်ရှိရင်၊ ခုကတည်းက
ဖျောက်ပါကွယ်၊ သူခိုးလေးက
သူခိုးကြီးတွေ ဖြစ်လာခဲ့ရင်---
အင်း---အဲ-အဲ---


ဆင်းက.. မြောက်သော
လမ်းကြားလေးပြီး သော်ဘီစုတ်ရုပ်တာကိုး..
"ဘုရိုး..ဘုရိုး" နဲ့ နာမည်ဆိုးတာပေါ့...
ပို့လို..ပျော်ကာလောက် ထိုင်ပြီး သိန်းသန်းချီ
ချောင်တော့ "မာလွဲသုံးစားမှု"တဲ့.. ကဲ
ဘယ်ဟာကပိုနာမည်ဆိုးလဲ....
အဲဒီမှာဒါနဲ့ကံ
ဒဏ်ခံရတာချည်း
ပါပဲဗျာ....


အချောသားလေးတွေကို
မကြည့်မှားနဲ့.. ခေါက်ဘာဝကျော
ကာလသားတွေ စာရာကို ထိုက်ပြီး....
မိန်းမလျှာ ဖြစ်တတ်တယ်ရှင့်၊ အဲ-အဲ-ဗျ
အကောင်....







ဟေ့ ငါတို့က
အရက်ပဲ သောက်တတ်ကြ...
ကျန်တဲ့ သီလလေးပါးကို
ချိုးဖောက်ဖို့ အရက်နဲ့
အစပျိုးနေတာကိုတော့
မသိရှာဘူး...
87




မူးယစ်သောက်စားခြင်းအကျိုး
ကျူးလွန်ခြင်းစဉ်...
သောက်တတ်ကြ
ကံငါးပါးကို ဖောက်ဖျက်ကျူးလွန်မှုမှာ





ကာမေသု မိစ္ဆာစာရ
မုသာဝါဒ
ပါဏာတိပါတ
အဒိန္နာ
သုရာမေရယကို
ကျူးလွန်သူသည်...
ကျူးလွန်သောကံများကြောင့်
သွားစေပါသည် ။



အပါယ်သို့တောက်လျှောက်
သူ့လမ်းလျှောက်
Johnny Walker
RED LABEL
1987




* ငြိမ်းချမ်း ကမ္ဘာ
တည်ထောင်ရာ
ငါးပါး သီလပါ
* နတ်ပြည် လူ့ရွာ
ကျင်လည်တာ
သီလ မြဲလို့ပါ
* သီလ မမြဲ
အမှန်ပဲ
ငါးပါးသီလ မမြဲသူတို့၏
သွားရာလမ်း





သူများသားမယားကို
ကျူးလွန်ပြစ်မှားရင်
ဘာဖြစ်တတ်လဲ-အဘွား
သူတို့လို
တွေ့ဖြစ်တတ်တယ်ကွယ့်


အာ ကာလိကော..ကာလိကော..
လင်မှိ မှိ ဆိုချင်တယ် မှာ........
“သက်ဦးဆံပိုင် ပဒေသရာဇ်မင်းတွေခေတ် ကာမပိုင်လင်ယောကျ်ား
ရှိတဲ့ အမျိုးသမီး ဆိုရင် ချောင်ကြည့်ခြင်းဖြင့် ကာမေသုမိစ္ဆာစာရ ကံကို
စောင့်ထိန်းကြတယ်ကွယ့်..”


အရက်သေစေ...
သောက်စားရင်..ဘယ်ကံ
ပြောက်ပြီ..ဘယ်အပြစ်မြှင့်
ဖြစ်တယ် ဆိုတာကို
သိရဲ့လား..?
ဘီတာရှ......


ပါဏာတိပါတာ
သူများအသက်မသတ်
ရဘူး.သူ့ရှာမှရယ
အရက်သေစာ.မသောက်
စားရဘူး.အပယ်ငရဲ
လားတတ်သတဲ့
ကွ..


သူ့ယပ်ချွန်းသောက်ခဲ့တဲ့
မြေအိုးကြီးကိုသူ့ယပ်ချွန်းကိုပဲ
လက်ဆောင်ပြန်ပေးပါတယ်...
ခွဲ.. နေပါစေတော့ဗျာ...
ဟိုက်..ဦးကြံ..
သံဝါစဉ်ချက်မှ ရိုက်
မထေး..အူး... အူး
အူး..ဟူး..
သူတစ်ပါးကိုအနည်းငယ်လိမ်ညာမိသူသည်...
မိမိကိုယ်မိမိများစွာလိမ်ညာမိသူဖြစ်သည်။
မုသာဝါဒါကံကိုကျူးလွန်သောသူသည်မှန်ကန်
တည်မြဲသောအကျိုးကိုမရနိုင်ပေ..


ဒီ အပေါက်က ဝင်မိရင်
ငါးပါးသီလ အားလုံး ကျိုးပေါက်
ရှောင်လေမှ..
မုသာဝါဒါ
ကာမေသု
အဒိန္န
သုရာမေရယ
ပါဏာတိ


ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
သုရာမေရယ..မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ
သမာဒိယာမိ ..။


သေခါနီး ဖြစ်ပါစေ...
ထိန်းထားပေါ့...
ပါးစပ်က
လုံအောင်ထိန်းပြီး




လိမ်တာတတ်တဲ့ဂျူပါဘာ
ကျနော်တဲ့လေးပါးကိုလည်း
မလုံဘူး။


ပါဏာတိပါတာ
အဒိန္နာ ဒါနာ
ကာမေသု မိစ္ဆာစာရာ
မုသာဝါဒါ
သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ

## PAÑCA SĪLA
## (Five Precepts)

1. **Abstaining from**
   **killing of living beings;**
2. **Abstaining from**
   **stealing;**
3. **Abstaining from**
   **unlawful sexual intercourse;**
4. **Abstaining from**
   **speaking lies or untruths;**
5. **Abstaining from**
   **use of intoxicants.**



# ငါးပါးသီလ
## ပုံပြင်ရုပ်ပြများ

ကာတွန်း ဦးဖေသိန်း
တင်ပြသည်




## မေတ္တာရပ်ခံချက်

ဤစာအုပ်တွင်
မင်းဘဲ၊ ငါ့ဘဲ စသည်တို့မှ ဘဲ များကို ဗဲ
ဒါပေမဲ့ သွားမဲ့ စသည်တို့မှ မဲ့များကို မယ့်
ကျနော် ကျမကို ကျွန်တော် ကျွန်မ
တန်ဘိုး ဘို့ စသည်တို့ကို တန်ဖိုး ဖို့
မဲမဲကို မည်းမည်း
တချိန် တခါ တနေ့ တခု တစီး တဦး
တခါတလေ စသည်မှ တ ကို တစ်
ဇရက်ကို ဆတ်ရက်
အသဲကို အသည်း
ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**ပုံနှိပ်ခြင်း**

တတိယအကြိမ်

၁၉၉၆–ခုနှစ်၊ လ

**အုပ်ရေ**

၅၀၀

**ကာလာ**

–ကျပ်

**စာမူခွင့်ပြုချက်အမှတ်** – ၁၂၄၆/၉၄(၁၁)

**မျက်နှာဖုံး ခွင့်ပြုချက်အမှတ်**– ၇၉၆/၉၆(၉)

**မျက်နှာဖုံးသရုပ်ဖော်**

ကာတွန်းဆရာကြီး ဦးဖေသိန်း

**မျက်နှာဖုံး နှင့် အတွင်း**

ငွေတောက်တောက်ဝင်း ပုံနှိပ်တိုက်

၃၃–လမ်း၊ကျောက်တံတား၊ရန်ကုန်။

**ထုတ်ဝေသူ**

ဦးဖေသိန်း(ရုပ်ပြောင်စာပေ)

၅၆၈ ၊ မာလကာခြံ ၊ ၁၀–ရပ်ကွက်

လှိုင်ရပ်ကွက်၊ ရန်ကုန်

☎ – ၀၁ – ၅၃၄၀၂၃

F - 1